မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၄၆)

သိပ္ပ တော် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

တနင်္သာရီတိုင်းမှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တက်ရောက်ဆုချီးမြှင့်

ပေးအပ်ချီးမြှင့်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၄

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲက မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းမှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ သင်ကြားမှုထူးချွန်ဆုရ ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးကျောင်းနှင့် မြို့နယ်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗိုလ်ချုပ်သာအေးက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူး၊ လေးဘာသာဂုဏ်ထူးရရှိကြသူများအားဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာဂုဏ်ထူး ရရှိကြသည့်

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းအညွှန်း

နေကာမျက်မှန် တပ်ဆင်ခြင်းဖြင့် မျက်စိရောဂါအချို့ ကာကွယ်နိုင်ဟုဆို

အင်တာနက်ကျန်းမာရေး စာ - ၅

ရုရှား၌ ဘိုရင်း ၇၃၇ ခရီးသည်တင် လေယာဉ်ပျက်ကျ၊ နိုင်ငံခြားသား ၂၁ ဦး အပါအဝင် ၈၈ ဦးသေဆုံး

ဖောင်ပိတ်သတင်း စာ - ၁၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လေထုညစ်ညမ်းမှုလျှော့ချရေးသည် လူသားအားလုံး ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်ဖြစ်

မြန်မာ့အလင်း သတင်းအက်ဆေး

အောင်သုတ ရေးသားသည်

ရန်ကုန် စက်တင်ဘာ ၁၄

လူအပါအဝင် သက်ရှိသတ္တဝါအားလုံး အသက်ရှင်ရေးအတွက် အရေးအကြီးဆုံးအရာဖြစ်သော လေသည် အလွန်အမင်း ညစ်ညမ်းလာမည်ဆိုပါကသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဒုက္ခများ ဖြစ်ပေါ်လာပေလိမ့်မည်။ လူတို့ရှူရှိုက်နေရသည့်လေတွင် ဖုန်များ၊ မီးခိုးများ၊ ဓာတ်ငွေ့များနှင့် ရောဂါပိုးများကင်းစင်မှသာ သန့်ရှင်းသော လေကောင်းလေသန့်ဖြစ်မည်။ သက်ရှိသတ္တဝါများနှင့် အပင်တို့ ရှင်သန်ဖြစ်ထွန်းရန် လေလိုအပ်ပြီးလေထုညစ်ညမ်းမှု (Air pollution) ပြဿနာသည် ယနေ့ကာလကမ္ဘာ့လူသားများအားလုံး ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။

လေထုညစ်ညမ်း

သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အင်ဂျင်စက်များ အသုံးပြုခြင်း၊ လျှပ်စစ်ဓာတ်အားနှင့် အပူစွမ်းအင်ထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးခြင်း စသည့် အကြောင်းတရားများကြောင့် လေထုညစ်ညမ်းရသည်။

ထုတ်လွှတ်

စက်မှုလုပ်ငန်းများအတွက် စွမ်းအင်ရရှိရန် ရေနံ၊ ကျောက်မီးသွေး၊ ထင်း၊ မီးသွေး စသည်တို့ကို မီးရှို့ရာမှ လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်များနှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ရောက်ရှိလာသကဲ့သို့ မော်တော်ကားများက ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၄* *

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်)

နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်း ဖော်ဆောင်ပေးမှု ဒေသခံပြည်သူများ အလေးထားကြိုးပမ်းဆောင်ရွက်

ဧရာဝတီတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော ဆားလုပ်ငန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၁၀ရက်နေ့က နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဧရာဝတီတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ဖြစ်သည်။ လေဘေးကျရောက်ပြီးနောက် လယ်ယာလုပ်ငန်းကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် လယ်ထွန်စက်များ၊ ကျွဲ၊နွားများ၊ စက်သုံးဆီများနှင့် မျိုးစပါးများကို ဖြည့်ဆည်းပေးခဲ့သည်။

ငါးဖမ်းလုပ်ငန်းတွင် ငါးဖမ်းပိုက်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ငါးဖမ်းလှေအစင်း ၉၅၀၀နှင့် ငါးဖမ်းပိုက်မျိုးစုံ ၁၄၉၅၅တို့ကို ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း ဆားလုပ်ငန်းလုပ်ကိုင်ကြသည့် မြောင်းမြ၊ လပွတ္တာ၊ ဖျာပုံ၊ ငပုတော‌မြို့နယ်များ၌ ဆားကွင်း၂၃၄၅၈ဧက၊ ဆားကြမ်း၂၄၂၁၄တန်ခန့်နှင့် ဆားလုပ်ငန်းသုံးပစ္စည်းများ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

ဆားလုပ်ငန်းသည် လုပ်ငန်းအဆင့်ဆင့်ရှိရာ ကွင်းပတ်တာများ ပြန်လည်ပြုပြင်ခြင်း၊ ဆားကန်များ၊ ကန်သင်းများ ပြန်လည်ပြုလုပ်ခြင်း၊ ဆားကန်များအတွင်းသို့ ပင်လယ်ရေသွင်းခြင်း၊ နေလှန်းခြင်း၊ ဆားကျုံးခြင်းစသည့် လုပ်ငန်းများသည် မိုးမကျမီလုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည်။

မကြာမီ မိုးကာလကုန်ဆုံးတော့မည်ဖြစ်ရာ ဧရာဝတီတိုင်းအတွင်းရှိ ဆားလုပ်ငန်းလုပ်ကိုင်သူများအတွက် ပြန်လည်တည်ထောင်ရေးလုပ်ငန်းကို အပိုင်းလိုက် အချိန်မီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးကိစ္စ၊ ထွန်စက်၊ ရေစုပ်စက်၊ စက်သုံးဆီတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ပြည်သူများ၏ လူနေမှုဘဝကို မူလအခြေအနေထက် သာလွန်တိုးတက်ကောင်းမွန်စေလိုသည့် စေတနာဖြင့် ဂရုတစိုက်အလေးထား ပံ့ပိုးပေးလျက်ရှိပေသည်။

သို့ဖြစ်ပေရာ ဒေသခံပြည်သူများကလည်း နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဖော်ဆောင် ဖန်တီးပေးသမျှကို အားပြုပြီး မိမိတို့၏လူမှုစီးပွားအဝဝ တိုးတက်ကောင်းမွန်ရေးနှင့် နိုင်ငံတော်အကျိုးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေးအဖတ်သင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေးအဖတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဆင်းပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးသော ဆရာကြီးဦးအောင်သန်းက သင်တန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

အမှတ်တရလက်ဆောင်ပေး

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးက သင်တန်းနည်းပြဆရာအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ သင်တန်းသားများအား ဆုချီးမြှင့်သည်။ အဆိုပါ သင်တန်းကို ဇူလိုင် ၂၈ရက်မှ စက်တင်ဘာ ၁၂ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၅း၂၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၁၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း-၂၃)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်ချယ်ရီ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဧည့်သည်များ၊ ပြိုင်ပွဲကြီးကြပ်ရေးနှင့် ဒိုင်အဖွဲ့ဝင်များ၊ လားရှိုး၊ ကျောက်မဲ၊ မူဆယ်နှင့် ကွမ်းလုံခရိုင်တို့မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ကျောက်မဲခရိုင်နှင့် လားရှိုးခရိုင်တို့မှ ပြိုင်ပွဲဝင် မျိုးဆက်သစ် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ကျောက်ဖုံးမှ

တမံဖို့နေမှု၊ ရေပိုလွှဲ Spillway တည်ဆောက်ပြီးစီးမှု၊ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုနှင့် ရေယူအဆောက်အအုံ Power Intake ရှိ သံထည်ပစ္စည်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

၇၀ရာခိုင်နှုန်းခန့်ပြီးစီး

ယခုအခါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၆၉ဒသမ၁၉ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၆၀မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဘဝအလှနှင့်ဓမ္မအလှ** တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇း၅၀-၁း၅၀	အနာဂတ်ပညာရည် တိုးတက်ဖို့စိတ်တည် စွမ်းအားဖြည့်ကူညီ
၈း၁၀-၂း၁၀	Soccer Update
၈း၂၅-၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀-၂း၃၀	နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ရာ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာရိပ်သာ
၈း၄၅-၂း၄၅	လမ်းညွှန်ပေးစက် GPS
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	လူငယ်ထုအကျိုး တစ်ဖက်တစ်လမ်းမှသယ်ပိုး ပြည်ခိုင်ဖြိုး
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	လှပသစ်ဆန်းအလှပြင်ခန်း (Royal Himiko Beauty Saloon)
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	TOYO Battery ၏ စက်ရုံ အလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲအခမ်းအနား
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	ပဲခူး သက်သတ်လွတ် သနပ်စုံ
၁၀း၂၀-၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀-၄း၃၀	အလင်္ကာတိုက်ဆိုက်မှုနှင့် နက်ရှိုင်းပွဲတင်သံ
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းရောင် အသားဝါပိုးများ အကြောင်း) [ပါမောက္ခ ဒေါက်တာဦးသံစစ်နှင့် တွေ့ဆုံခြင်း]
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	**ဘဝသစ်ရဲ့စာမျက်နှာ** အကယ်ဒမီမြတ်ကေသီ အောင်၊ စိုးပြည့်သဇင်၊ ငြိမ်းချမ်း၊ ထက်ထက်၊ ဝိုင်းချစ် [အောင်မိုး(ပဲရစ်)]
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	Biz Net
၁၂း၀၅-၆း၀၅	ဧရာဝတီတိုင်း ညောင်တုန်းမြို့မှ သီရိမဟာမင်္ဂလာရာမ၊ ရွှေဟင်္သာတောရ ကျောင်းတိုက်
၁၂း၂၅-၆း၂၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂း၄၅-၆း၄၅	စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Tottenham-Aston Villa	ESPN (Live)

မအူပင်ခရိုင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၉နာရီတွင် ဧရာဝတီတိုင်း မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသော မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၈) သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ယာပုံ)

အဆိုပြုလွှာပေးအပ်

ထို့နောက် မအူပင်မြို့နယ်မှ အသင်းဝင် အဆိုပြုလွှာ ၇၀၅ စောင်၊ ပန်းတနော်မြို့နယ်မှ အဆိုပြုလွှာ အစောင် ၅၅၀၊ ညောင်တုန်းမြို့နယ်မှ အဆိုပြုလွှာ အစောင် ၅၂၀ နှင့် ဓနုဖြူမြို့နယ်မှ အဆိုပြုလွှာ ၆၅၅ စောင် စုစုပေါင်း အသင်းဝင် အဆိုပြုလွှာ အစောင် ၂၄၄၀ ကို တာဝန်ရှိသူများက မအူပင်ခရိုင် အသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်ထံ ပေးအပ်သည်။

ချီးမြှင့်

ယင်းနောက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၄ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မအူပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မရည်မွန်ခိုင်၊ မရည်မွန်ချို၊ မောင်သီဟလင်းနှင့် ပန်းတနော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ပြည့်ဖြိုးအောင်တို့အား လည်းကောင်း၊ ကျန် ငါးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့အား တာဝန်ရှိသူများက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်းငွေပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မအူပင်မြို့ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် စုပေါင်းလှူဒါန်းငွေနှင့် ကျူရှာ အခြေခံပညာ မူလတန်းကျောင်း ပြင်ဆင်ရန် အမိုးသွပ် ၈၆ ချပ်တို့ကို ပေးအပ်သည်။

ဖတ်ကြားတင်သွင်း

ထို့နောက် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မအူပင်ခရိုင်အတွင်းရှိ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက်အစည်းအဝေးဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မအူပင်ခရိုင် အသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်၊ မအူပင်မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ ပန်းတနော်မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဆောင်ရွက်ခဲ့ပြီး ဧရာဝတီတိုင်းအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက သင်းလုံးကျွတ် အစည်းအဝေးကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မအူပင်ခရိုင်အသင်း အလုပ်အမှုဆောင် ဦးဝင်းသိန်းက မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ချမှတ်

ထို့နောက် မအူပင်ခရိုင် အတွင်းရှိ မြို့နယ်အသင်း အတွင်းရေးမှူးများက မြို့နယ်အလိုက် တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို တင်ပြရာ ခရိုင် အတွင်းရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အတည်ပြုခြင်း နှစ်ရပ်၊ ဆုံးဖြတ်ချက် တစ်ရပ်၊ မှတ်တမ်းတင်ခြင်း တစ်ရပ်တို့ကို ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၈ ပညာသင်နှစ် ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည် -

(က) ပထမအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲ ကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ် တတိယနှစ်	သိပ္ပံအထူးပြုများအားလုံး	-	၆-၁၀-၂၀၀၈ မှ ၁၃-၁၀-၂၀၀၈ အထိ

(ခ) ဒုတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲ ကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ် တတိယနှစ်	အင်္ဂလိပ်စာ၊ပထဝီဝင်၊ ဒဿနိကဗေဒ၊စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ဥပဒေပညာ	၁၅-၁၀-၂၀၀၈ မှ ၂၄-၁၀-၂၀၀၈ အထိ	၂၈-၁၀-၂၀၀၈ မှ ၄-၁၁-၂၀၀၈ အထိ
၂။	စတုတ္ထနှစ်	ဥပဒေပညာ	၁၅-၁၀-၂၀၀၈ မှ ၂၄-၁၀-၂၀၀၈ အထိ	၂၈-၁၀-၂၀၀၈ မှ ၄-၁၁-၂၀၀၈ အထိ

(ဂ) တတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲ ကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ် တတိယနှစ်	မြန်မာစာ၊မြန်မာမှု၊ရသစာပေ၊ သမိုင်း၊စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊စီးပွားစီမံ	၇-၁၁-၂၀၀၈ မှ ၁၇-၁၁-၂၀၀၈ အထိ	၂၁-၁၁-၂၀၀၈ မှ ၂၉-၁၁-၂၀၀၈ အထိ

အသေးစိတ် အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေး အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့၌ လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၁၉၇၄-၁၉၇၈ခုနှစ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဘွဲ့ရ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို လာမည့် အောက်တိုဘာ ၁၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်း စီးပွားရေးတက္ကသိုလ် ပင်မဆောင် အခန်းအမှတ်(၁၀)တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်နီး ရပ်ဝေးမှ ကျောင်းနေဖက်သူငယ်ချင်းအားလုံး စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

နှိုးဆော်ထား

အလှူငွေများ ထည့်ဝင်လှူဒါန်းရန်နှင့် မှတ်တမ်းစာအုပ်အတွက် ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များ ပေးပို့ရန် ကိုလင်းကြည် ဖုန်း-၀၉-၅၀-၀၈၁၂၂၊ ကိုတင်လတ် ဖုန်း-၀၉-၅၀-၂၃၀၃၀၊ ကိုတင်ထွဋ် ဖုန်း-၀၁-၂၁၀၆၇၃၊ မစမ်းစမ်းအေး ဖုန်း-၀၁-၅၄၈၆၆၄၊ မစန်းစန်းဝင်း ဖုန်း-၀၉-၅၀-၁၁၇၆၀၊ မဝင်းမာ ဖုန်း-၀၉-၅၁-၆၅၁၅၄၊ ကိုကျော်ကျော်အုန်း ဖုန်း-၀၉၂၀-၂၇၄၅၇၊ ကိုရဲအောင် ဖုန်း-၀၅၄-၂၃၅၂၅နှင့် မမြင့်မြင့်ဟန် ဖုန်း-၀၆၇-၄၀၆၁၃၅ တို့သို့ ဆက်သွယ်လှူဒါန်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာပေညီလာခံ ဗဟိုဦးစီးအတွေ့အကြုံ ကျိုင်းတုံ၌ ရှင်းလင်း

ကျိုင်းတုံ စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ ဗဟိုဦးစီး အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၈ရက် နံနက် ၁၀နာရီက ကျိုင်းတုံမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆောင်ရွက်

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူး ဦးသန်းဝင်း(တောင်သာအယ်ခန့်)က ဆောင်ရွက်သည်။

ရှင်းလင်း

သဘာပတိက အမှာစကားပြောကြားပြီး ဗဟိုဦးစီးအစည်းအဝေးအတွေ့အကြုံများကို ဗဟိုဦးစီးအဖွဲ့ဝင် ကျိုင်းတုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘိုသိန်း(စာရေးဆရာ တောင်တွင်းဘိုသိန်း)က ရှင်းလင်းပြောကြားသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

ကျောက်ဆည်ရှိ ဈေးများ ကျန်းမာရေးနှင့်အညီ ရောင်းချရန် စစ်ဆေး

ကျောက်ဆည် စက်တင်ဘာ ၁၄

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် စနစ်တကျဖြစ်စေရန်အတွက် သားငါးများကို ယင်လုံဆန်ခါဖြင့် တည်ခင်းရောင်းချနေမှုနှင့် လက်အိတ်များဖြင့် ရောင်းချနေမှုတို့ကို ဩဂုတ် ၂၉ရက်က အမှုဆောင်အရာရှိမှ လိုက်လံစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး)မှ လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

■ *ကျောဖုံးမှ*

ဗိုလ်စွဲ

မြန်မာလူငယ်ဘောလုံးအသင်း ချန်ပီယံဖြစ်စေမည့် အဆုံးအဖြတ်ပွဲများကို စက်တင်ဘာ ၁၄ရက်က ကျင်းပခဲ့ရာ မြန်မာလူငယ်အသင်းက ဗီယက်နမ်လူငယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျကာ ခုနစ်မှတ်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။ ထိုင်းလူငယ်အသင်းမှာ လာအိုလူငယ်အသင်းကို အနိုင်ရရှိပြီး ဒုတိယနေရာ ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ အိမ်ရှင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် လာအိုတို့ လေးသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးရရှိသည့် မြန်မာလူငယ်အသင်းက ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ မြန်မာလူငယ်အသင်းသည် ပွဲဦးထွက်ပွဲ၌ လာအိုအသင်းနှင့် တစ်ဂိုးစီသရေကျပြီး ထိုင်းလူငယ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဗီယက်နမ်လူငယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပါဝင်

မြန်မာလူငယ်ဘောလုံးအသင်းမှာ မဲခေါင်ဒေသနိုင်ငံများ ဘောလုံးပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် ၂၀၀၇ ပြိုင်ပွဲကို ယူ-၂၁ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို ယူ-၁၈ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ခြင်း ဖြစ်သည်။ အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်(ကာကွယ်ရေး)၊ အားကစားသမားများအဖြစ် **(ဂိုး)** နေလှိုင်(ကမ္ဘောဇ)၊ အောင်ရဲသွေး(ဘဏ္ဍာ/အခွန်)၊ **(နောက်တန်း)** ဉာဏ်လင်းထွန်း(စွမ်းအင်)၊ နိုင်ဇင်(ကမ္ဘောဇ)၊ သန်းထွန်းအောင်(မြန်မာ့မီးရထား)၊ နိုင်လင်းထွန်း(စွမ်းအင်)၊ ဇော်နိုင်ထွန်း(မြို့တော်စည်ပင်)၊ မင်းနောင်ဦး(ပို့ဆောင်ရေး)၊ **(အလယ်တန်း)** ဒေးဗစ်ဒန်း(Air Bagan)၊ ဝင်းသူ(မြို့တော်စည်ပင်)၊ တင်ဝင်းအောင်(Air Bagan)၊ ကြည်လင်း(ပို့ဆောင်ရေး)၊ ဟိန်းဇာအောင်(မြို့တော်စည်ပင်)၊ ကျော်ဇေယျာဝင်း(Air Bagan)၊ မျိုးမင်းလတ်(ပို့ဆောင်ရေး)၊ **(ရှေ့တန်း)** ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ တင်ဇော်မိုး(ဆောက်လုပ်ရေး)နှင့် စိုးမင်းနိုင်(မြန်မာ့မီးရထား)တို့ ပါဝင်ကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အမေရိကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်မှု အရပ်သား၁၄ဦးသေဆုံး ပါကစ္စတန်ဝန်ကြီးချုပ် ပြစ်တင်ရှုတ်ချ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၄

စစ်သွေးကြွများဟု သံသယရှိသူများအား ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်က စက်တင်ဘာ ၁၂ရက်၌ ဒုံးကျည်ဖြင့် ပစ်ခတ်သဖြင့် ပါကစ္စတန်ပြည်သူ ၁၄ဦး သေဆုံးသည့်အတွက် ပါကစ္စတန်ဝန်ကြီးချုပ် ရာဇာဂီလာနီက အမေရိကန်တို့ကို ပြစ်တင်ရှုတ်ချလိုက်သည်။

ဆက်လက်ပစ်ခတ်

ပါကစ္စတန်နိုင်ငံအတွင်း ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်ကွန်မန်ဒိုစစ်ဆင်ရေးဆင်နွှဲပြီးနောက် မောင်းသူမဲ့လေယာဉ်များဖြင့် ဆက်လက်ပစ်ခတ်လျက်ပင်ရှိရာ အထက်ပါအတိုင်း ထိခိုက်သေဆုံးခဲ့ကြရခြင်း ဖြစ်သည်။

ပိုမိုဆိုးရွား

အာဖဂန်နယ်စပ်အနီး၌ လှုပ်ရှားနေသည့် တာလီဘန်နှင့် အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်များအား မည်သို့ချေမှုန်းရေးစီမံကိန်းတွင် ပါကစ္စတန်အစိုးရနှင့် အမေရိကန်အစိုးရတို့အကြား သဘောထားမညီညွတ်မှုမှာ ထိုဖြစ်ရပ်များကြောင့် ပိုမိုဆိုးရွားသွားစေသည်။

အချုပ်အခြာအာဏာ

ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာကို အမေရိကန်တို့လေးစားလာစေရန် မိမိတို့ဆောင်ရွက်မည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ဂီလာနီက သတင်းထောက်များအား ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဒဏ်ရာရသူအား သယ်ယူလာ

ပါကစ္စတန်အနောက်ပိုင်း၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူတစ်ဦးအား သယ်ယူလာသည်ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံနယ်စပ်၌ မတည်မငြိမ်ဖြစ်နေ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၄

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန် နှစ်နိုင်ငံတို့သည် အကြမ်းဖက်မှုနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရန် စက်တင်ဘာ ၁၃ရက်တွင် ပါကစ္စတန်သမ္မတ အလီဇာဒါရီက အလေးအနက်ပြောကြားသည်။

အကြမ်းဖက်မှုများကာကွယ်ရန်

ပါကစ္စတန်သို့ ရောက်ရှိလာသည့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ပါကစ္စတန်၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ နှစ်နိုင်ငံမှအကြီးအကဲတို့က အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ပူးပေါင်းလုပ်ဆောင်ရန်၊ နှစ်နိုင်ငံနယ်စပ်တွင် တူညီစွာခံစားနေရသည့် ဒေသတွင်းမတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများကာကွယ်ရန် အတူတကွဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အပြန်အလှန်ပူးပေါင်း

အထူးသဖြင့် ဇာဒါရီက ၄င်းနိုင်ငံအတွင်း အကြမ်းဖက်မှုများကြောင့် ဒုက္ခကြုံတွေ့ရသည့် ပြည်သူများအတွက် အကြမ်းဖက်နှိမ်နင်းရေးအစီအမံများ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပြီး ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက်မှ စစ်သွေးကြွများ ဖြတ်ကျော်ဝင်ရောက်မှု တားဆီးရေးအတွက် နယ်စပ်လုံခြုံရေးကို နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။

(အင်တာနက်)

အီရတ်၌ အမေရိကန်တို့ပစ်ခတ်မှုကြောင့် အရပ်သားများသေဆုံး ကားဗုံးပေါက်ကွဲမှုကြောင့် ၃၂ဦးသေဆုံး၊ ၄၃ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်တွင် စက်တင်ဘာ ၁၃ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ အရပ်သား ၃၂ဦးသေဆုံးပြီး ၄၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်မှတ်မရောက်မီ

ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ ဆာလာဟူဒင်ပြည်နယ် ဒူဂျေလ်မြို့၌ရှိသည့် ရဲတပ်ဖွဲ့စခန်းကို ဦးတည်မောင်းနှင်လာသော ဗုံးများတင်ဆောင်လာသည့်ကားမှာ ပစ်မှတ်မရောက်မီ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒူဂျေလ်မြို့မှာ ဘဂ္ဂဒက်မြို့နှင့် ၄၅မိုင် အကွာအဝေး၌ တည်ရှိသည်။

အရပ်သားများသေဆုံး

ထိုသို့ကားဗုံးပေါက်ကွဲမှုမှာ လူစည်ကားရာ ဈေးတစ်ဈေးအနီးတွင်ဖြစ်ပွားခဲ့ပြီး အရပ်သားများသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်။

၁၅ ဦးဒဏ်ရာရ

ပြီးခဲ့သည့်စက်တင်ဘာ ၁၂ရက်ကလည်း ဆင်ဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်လက်နက်ကိုင်များဟု သံသယရှိသူများအား ပစ်ခတ်ခဲ့ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဗုံးမားအပေါ် အဂတိလိုက်စားမှု တရားသူကြီးပယ်ချ

ပီတာမာရစ်ကတ် စက်တင်ဘာ ၁၄

တောင်အာဖရိကနိုင်ငံ အေအင်န်စီ ခေါင်းဆောင် ချက်ကော့ဇူးမားအပေါ် အဂတိလိုက်စားမှု စွဲချက်ကို တောင်အာဖရိက တရားသူကြီး ခရစ်နီကိုလ်ဆန်က စက်တင်ဘာ၁၂ရက်က ပယ်ချလိုက်သည်။ သို့ဖြင့် ဇူးမားမှာ တောင်အာဖရိကနိုင်ငံ၏ လာမည့် သမ္မတဖြစ်ရန် လမ်းပွင့်သွားသည်။

အမိန့်ပေး

မစ္စတာဇူးမားအပေါ် အဂတိလိုက်စားမှု စွဲချက်များရုပ်သိမ်းပေးရန် လျှောက်ထားချက်ကို တရားသူကြီး နီကိုလ်ဆန်က ခွင့်ပြုလိုက်ပြီး တရားစရိတ်ကို နိုင်ငံတော်က ကျခံစေရန်လည်း တရားသူကြီးက အမိန့်ပေးလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ဒဏ်ရာရရှိသည့် ပြည်သူများအား အရေးပေါ် ကယ်ဆယ်ရေး ပြုလုပ်နေသည်ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆေးကုသမှုခံယူ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့်ပြည်သူများ ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များယာဉ်တန်း တာလီဘန်တို့ ချုံခိုတိုက်ခိုက်၊ ၂၃ ဦး သေဆုံး

ကဘူးလ် စက်တင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ စက်တင်ဘာ ၁၃ရက်က အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များယာဉ်တန်းကို တာလီဘန်သူပုန်တို့က ချုံခိုတိုက်ခိုက်သဖြင့် အနည်းဆုံး ၂၃ဦးသေဆုံးကြောင်း ပြည်နယ်အရာရှိများက ပြောကြားသည်။

ပြောကြား

ချုံခိုတိုက်ခိုက်ပြီးနောက် တိုက်ပွဲဖြစ်ပွားရာတွင် သေဆုံးသူများအနက် ၁၅ဦးမှာ တာလီဘန်များဖြစ်သည်ဟု ဖာရာပြည်နယ် ရဲမှူးကြီးရာမာနီက ပြောကြားသည်။

မီးလောင်ကျွမ်း

တာလီဘန်စစ်သွေးကြွများက မော်တော်ယာဉ်တန်းကို စက်သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခြင်းကြောင့် မော်တော်ယာဉ်လေးစီး မီးလောင်ကျွမ်းသွားသည်ဟု ဆိုသည်။

ဖာရာပြည်နယ် ဘာဝါခရိုင်အတွင်း မော်တော်ယာဉ်ကားတန်း ချုံခိုတိုက်ခိုက်ခံရမှုတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားလေးဦးတို့လည်း သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

အင်တာနက်ကျန်းမာရေး

နေကာမျက်မှန် တပ်ဆင်ခြင်းဖြင့် မျက်စိရောဂါအချို့ ကာကွယ်နိုင်ဟုဆို

နေကာမျက်မှန်တပ်ဆင်ခြင်းသည် မျက်စိအား စူးရှသောနေရောင်ဒဏ်မှ ကာကွယ်ပေးနိုင်သည့်အပြင် မျက်စိအား မတော်တဆထိခိုက်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

မျက်စိထိခိုက်

မျက်စိထိခိုက်ဒဏ်ရာရရှိသူ ၅၀၀၀ကို လေ့လာသုတေသနပြုသည့်အခါ မျက်စိထိခိုက်ခံရသူ ထက်ဝက်ခန့်မှာ နေကာမျက်မှန် တပ်ဆင်လေ့မရှိသူများဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

နေရောင်ခြည်တွင်ပါရှိသော ခရမ်းလွန်ရောင်ခြည်သည် မျက်ကြည်လွှာကို ထိခိုက်စေသည်ဖြစ်ရာ ခရီးသွားလာရာတွင် နေကာမျက်မှန်များ တပ်ဆင်ကာကွယ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ဆိုးကျိုးများ

သို့သော်လည်း မျက်စိကျွမ်းကျင်သူများ၏ အကူအညီဖြင့် နေကာမျက်မှန်များ တပ်ဆင်သင့်ကြောင်း၊ သို့မဟုတ်ပါက နေကာမျက်မှန်ကြောင့် မလိုလားအပ်သောဆိုးကျိုးများ ဖြစ်ပေါ်တတ်ကြောင်းလည်း ၎င်းတို့က ထပ်မံသတိပေးထားသည်။

မွေးရာပါမဟုတ်သော အမြင်ချို့ယွင်းသူ ၄၀၀၀ခန့်ကို သုတေသနပြုခဲ့ရာ ၂၁၀၀ခန့်သည် နေကာမျက်မှန် တပ်ဆင်အသုံးပြုလေ့မရှိသူများဖြစ်ကြောင်း သိရသည်။

ဘဝဒဿန

Talkers are no good doers, be assured. We go to use our hands and not our tongues.

အပြောသမားများသည် လက်တွေ့သမားများ မဟုတ်သည်ကို ယုံကြည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လက်တွေ့သမားများဖြစ်ရန်နှင့် အပြောသမား မဖြစ်စေရန် ကျင့်ကြံနေထိုင်ကြရပေမည်။

ရှိတ်စပီးယား(အင်္ဂလိပ်လူမျိုးစာရေးဆရာနှင့် ပြဇာတ်ရေးဆရာ)

The feeble tremble before opinion, the foolish defy it, the wise judge it, the skillful direct it.

စိတ်ဓာတ်ပျော့ညံ့သူတို့သည် အယူအဆတစ်ခုကို ကြောက်ကြ၏။ မိုက်မဲသူများသည် အယူအဆကို အန်တုကြ၏။ ဉာဏ်ပညာရှိသူများကမူ ချင့်ချိန်ဆုံးဖြတ်ကြသည်။ ကျွမ်းကျင်သူတို့ကမူ စီမံကိုင်တွယ်ကြသည်။

မဒမ်ရိုလင်း (ပြင်သစ်လူမျိုး အမျိုးသမီးစာရေးဆရာမ)

ဘဝအမောပြေ

မများပါဘူး....

နာဆာအဖွဲ့သည် ကမ္ဘာမြေပြင်သို့ လုံးဝပြန်မလာရသော အာကာသခရီးစဉ် တစ်ခုအတွက် သွားရောက်မည့် အာကာသယာဉ်မှူးကို ငွေကြေးပုံအောပေးမည်ဖြစ်ရာ လာလျှောက်သူများဖြစ်သည့် အင်ဂျင်နီယာ၊ ဆရာဝန်နှင့်ရှေ့နေတစ်ဦးတို့အား နာဆာ အရာရှိက တစ်ဦးချင်း တွေ့ဆုံမေးမြန်းလေသည်။

အင်ဂျင်နီယာ ။ ။ ဒီခရီးစဉ်အတွက် ဒေါ်လာတစ်သန်းပေးရင်သွားမယ်၊ အဲဒီငွေကလည်း ကျွန်တော်လှူဒါန်းချင်လို့ပါ။

နာဆာအရာရှိ။ ။ အင်း...ဟုတ်ပါပြီ။

ဆရာဝန် ။ ။ ဒေါ်လာနှစ်သန်းပေးပါ၊ ဒေါ်လာတစ်သန်းက ကျွန်တော့် မိသားစုအတွက်သုံးမယ်၊ နောက် ဒေါ်လာတစ်သန်းက ဆေးသုတေသနအတွက် လှူမယ်။

နာဆာအရာရှိ။ ။ အင်း...ဟုတ်ပါပြီ၊ ထို့နောက် ရှေ့နေအလှည့် ရောက်လာသည်။

ရှေ့နေ ။ ။ ဒေါ်လာသုံးသန်းပေးပါ။

နာဆာအရာရှိ။ ။ တောင်းတာများတယ်။

ရှေ့နေ ။ ။ **နာဆာအရာရှိအနီး တိုးကပ်ကာ...** ဒီငွေကမများဘူး၊ ခင်ဗျားကို ဒေါ်လာတစ်သန်းပေးမယ်၊ ကျွန်တော်က ဒေါ်လာတစ်သန်းယူမယ်၊ ကျန်တဲ့ ဒေါ်လာ တစ်သန်းနဲ့ ဟို...အင်ဂျင်နီယာငနဲကို အာကာသလွှတ်လိုက်မယ်လေ။

နာဆာအရာရှိ။ ။ **'ဗျာ'**

အစ္စရေးစစ်ဘက်ရဟတ်ယာဉ် လေ့ကျင့်ပျံသန်းစဉ်ပျက်ကျ

ဂျေရုဆလမ် စက်တင်ဘာ ၁၄

အစ္စရေးနိုင်ငံ လေတပ်အခြေစိုက်စခန်းမှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ၎င်းနိုင်ငံမြောက်ပိုင်း၌ ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်မှူးနှစ်ဦး သေဆုံးကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာက စက်တင်ဘာ ၁၃ရက်က သတင်းထုတ်ပြန်သည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ပွားမှုသည် အစ္စရေးနိုင်ငံ အဖူလာမြို့မှ ၂၈ကီလိုမီတာအကွာရှိ ဂျော်ဒန်နယ်ခြားဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ဖြစ်ရကြောင်း သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိသည်။

၎င်းရဟတ်ယာဉ် လေ့ကျင့်မပျံသန်းခင် စက်ပိုင်းဆိုင်ရာနှင့် အခြားသောလိုအပ်မှုများ စစ်ဆေးပြုလုပ်ခဲ့ကြောင်း လေတပ်အခြေစိုက်စခန်းမှ တာဝန်ရှိသူကပြောကြားသည်။

အမ်အင်န်အေ/ရိုက်တာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဇီဝသိပ္ပံ

အလွန်သေးငယ်ပြီး ရှားပါးသော ဖားပျံမျိုးစိတ်

ကမ္ဘာပေါ်တွင် အလွန်ရှားပါးနေပြီဖြစ်သော ကမ္ဘာ့အသေးငယ်ဆုံး ဖားပျံမျိုးစိတ်ကို ကော်စတာရီကာသစ်တောအတွင်း အမေရိကန် သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။

ရှာဖွေတွေ့ရှိ

အဆိုပါ ဖားပျံအမမျိုးစိတ်ကို ရှာဖွေမတွေ့ခဲ့သည်မှာ နှစ်ပေါင်း ၂၀ခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုသို့ ရှာဖွေမတွေ့သည်မှာလည်း ဖားပျံမမျိုးစိတ်ဖြစ်ပြီး ဖားပျံထီးတစ်ကောင်ကိုမူ ပြီးခဲ့သည့် ၂၀၀၇ခုနှစ်က ကော်စတာရီကာ သစ်တောအတွင်း၌ ရှာဖွေတွေ့ရှိခဲ့သည်။

အရှားပါးဆုံး

ယခုတွေ့ရှိရသည့် ဖားပျံမ၏ အရွယ်အစားမှာ အရှည် ၂ဒသမ၅စင်တီမီတာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးနှင့် အရှားပါးဆုံး ဖားပျံဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့အပြင် ၎င်းဖားပျံ၏ ခန္ဓာကိုယ်အရောင်အဆင်းမှာ အညိုနှင့်အစိမ်းရောင်ရောစပ်ထားသည့် အရောင်ဖြစ်ပြီး အစက်အပြောက်များပါရှိကြောင်း၊ မကြာမီမျိုးသုဉ်းပျောက်ကွယ်ဖွယ်ရှိသော ဖားပျံမျိုးစိတ်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဟန္နိုင်း စက်တင်ဘာ ၁၄

ဗီယက်နမ်၌ ၂၀၁၃ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် ၃၂သန်းကျော်လိုအပ်

ဗီယက်နမ်နိုင်ငံ၏ အပူစွမ်းအင်သုံး လျှပ်စစ်ပစ္စည်းစက်ရုံများ၌ လုပ်ငန်းအသုံးပြု ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ခုနှစ်အရောက်တွင် ကျောက်မီးသွေး ပိုမိုအသုံးပြုနိုင်ရေး အမျိုးသားကျောက်မီးသွေးနှင့် စက်မှုလုပ်ငန်းအဖွဲ့၏ ပြောကြားချက်ကို စက်တင်ဘာ ၁၃ရက်က ဒေသဆိုင်ရာသတင်းစာက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၌ နှစ်စဉ်ကျောက်မီးသွေးတန်ချိန် သန်း ၄၀ခန့်ထွက်ရှိရာ ပြည်တွင်း၌အသုံးပြုမှုသည် တစ်ဝက်နီးပါးရှိပြီး ကျန်ပမာဏအား ပြည်ပသို့တင်ပို့လျက်ရှိသည်။ သို့ရာတွင် လာမည့်နှစ်အတွင်း လျှပ်စစ်ကဏ္ဍအသုံးပြုမှု၌ ၁၇ရာခိုင်နှုန်း ပိုမိုသုံးစွဲရန် မျှော်မှန်းထားသည်။

ဗီယက်နမ်၌ အပူစွမ်းအင်သုံး လျှပ်စစ်ပစ္စည်းစက်ရုံလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ရာ ၂၀၁၃ခုနှစ်တွင် ပြည်တွင်းအသုံးပြုမှု ကျောက်မီးသွေးတန်ချိန် ၃၂ဒသမ၅သန်း၊ ၂၀၁၅ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် ၃၄သန်းနှင့် ၂၀၂၀ပြည့်နှစ်၌ တန်ချိန် ၁၁၄သန်း အသုံးပြုသွားမည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း အဆိုပါစက်မှုလုပ်ငန်းအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်သမ္မတနိုင်ငံကို လေ့လာရာတွင်....

သတင်းအက်ဆေး

အီရတ်သမ္မတနိုင်ငံသည် အရှေ့အလယ်ပိုင်း သမိုင်းဝင် မက်ဆိုပိုတေးမီးယား ဒေသတစ်ခုလုံး နီးပါးတွင်တည်ရှိသည်။ လူသားတို့၏ အစောဆုံးယဉ်ကျေးမှုထွန်းကားရာ နေရာတစ်ခုဖြစ်သည့် ဤနိုင်ငံ၌ ယခုအခါ အင်အားစုသုံးလေးစုတို့ အာဏာရယူရေး အတွက် စစ်မြေပြင်သဖွယ် အပြိုင်နွှဲနေကြသည်။

ရင်ဆိုင်နေရ

ထောင်ပေါင်းများစွာသော အမေရိကန်တပ်များ၏ ကျောထောက်နောက်ခံဖြင့် လောလောဆယ်တွင် အစိုးရသစ်က အုပ်ချုပ်လျက်ရှိသည်။ သို့သော် လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းရေးအပါအဝင် အကျပ်အတည်းများစွာဖြင့် ရင်ဆိုင်နေရသည်။

သူပုန်များက အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ် ပစ်မှတ်ထားနေသည်။ ရှီးယိုက်နှင့်ဆွန်နီတို့အကြား တင်းမာမှုကြောင့် ဂိုဏ်းဂဏချင်း အကြမ်းဖက်မှုအဖြစ်သို့ ရောက်ရှိလာသည်။

၁၉၂၀ပြည့်နှစ် မေ၊ ၅ရက်တွင် ဤနိုင်ငံကို ဗြိတိန်လက်အောက်သွတ်သွင်းလိုက်သည်။ ၁၉၂၁ခုနှစ် ဩဂုတ်၂၃ရက်တွင် မက္ကာအုပ်ချုပ်ရေးမှူး ဟူစိန်ဘင်အလီ၏ သားဖေဆယ်အား အီရတ်နိုင်ငံ၏ ပထမဆုံးဘုရင်အဖြစ် တင်မြှောက်သည်။ ၁၉၃၂ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လွတ်လပ်သည့် နိုင်ငံဖြစ်လာခဲ့သည်။

၁၉၅၈ခုနှစ် ဇူလိုင်တွင် ဘုရင်စနစ်ကိုဖျက်သိမ်းကာ ဗိုလ်မှူးချုပ်အယ်ကာရင်ကာစင်နှင့် ဗိုလ်မှူးကြီးမဟာမက်အာရစ်တို့ ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းသည်။ နိုင်ငံကို သမ္မတနိုင်ငံကြေညာပြီး ကာရင်ကာစင် ဝန်ကြီးချုပ်ဖြစ်လာသည်။

ပူးပေါင်းဆောင်ရွက်ရေး

၁၉၆၃ခုနှစ် ဖေဖော်ဝါရီတွင် အာရပ်ဆိုရှယ်လစ်ဘာ့သ်ပါတီ(အေအက်စ်ဘီပီ)က အာဏာသိမ်းကာ ကာရင်ကာစင်ကို ဖြုတ်ချပြီး မဟာမက်အာရစ်သမ္မတ ဖြစ်လာသည်။ ၁၉၆၆ခုနှစ် ဧပြီ ၁၃ရက်တွင် သမ္မတ အာရစ်လေယာဉ်ပျက်ကျသေဆုံးပြီး အစ်ကို ဗိုလ်ချုပ်အယ်ရာမန်မဟာမက်အာရစ်က သမ္မတရာထူးကိုဆက်ခံသည်။ ၁၉၇၂ ခုနှစ်တွင် ၁၅နှစ်ကြာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ဆိုဗီယက်ပြည်ထောင်စုနှင့် အီရတ်တို့ ချုပ်ဆိုသည်။

၁၉၇၂ခုနှစ်တွင် အီရတ်ရေနံကုမ္ပဏီ(အိုင်ပီစီ)ကို ပြည်သူပိုင်သိမ်းသည်။ ၁၉၇၉ ခုနှစ် ဇူလိုင် ၁၆ရက်တွင် သမ္မတဗိုလ်ချုပ်ကြီးအယ်ဘာရှားရာထူးမှ နုတ်ထွက်သောအခါ ဒုတိယသမ္မတ ဆက်ဒမ်ဟူစိန် သမ္မတဖြစ်လာသည်။

၁၉၈၈ခုနှစ် မတ်၁၆ရက်တွင် ဟာလက်ဂျာမြို့ကိုအီရတ်အစိုးရက ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်သည်ဟုဆိုသည်။ ၁၉၉၀ပြည့်နှစ် ဩဂုတ် ၂ရက်တွင် အီရတ်က ကူဝိတ်နိုင်ငံကို ကျူးကျော်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်ကို စီးပွားရေး

ပိတ်ပင်သည်။ အီရတ်နှင့်ကူဝိတ်ပေါင်းစည်းလိုက်ကြောင်း အီရတ်ကကြေညာသည်။ ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၁၆/၁၇ ရက်တွင် အီရတ်ကို မဟာမိတ်နိုင်ငံများ စတင်ဗုံးကြဲခြင်းဖြင့် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားသည်။ ထိုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် မြေပြင်စစ်ဆင်ရေး စတင်သည်။ ၂၇ရက်တွင် ကူဝိတ်နိုင်ငံ လွတ်မြောက်သည်။

အတည်ပြုပေး

၁၉၉၅ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဆက်ဒမ်ဟူစိန်အား သမ္မတ အဖြစ် နောက်ထပ်ခုနစ်နှစ် ဆက်လက်တာဝန်ထမ်းရန် ပြည်သူ့ဆန္ဒခံယူပွဲက အတည်ပြုပေးသည်။

၁၉၉၈ခုနှစ် ဒီဇင်ဘာ ၁၆မှ ၁၉ ရက်တွင် အီရတ်နိုင်ငံ၏နျူကလီးယား၊ ဓာတုလက်နက်နှင့် ဇီဝလက်နက်အစီအစဉ်များကို ဖျက်ဆီးပစ်ရန် အမေရိကန်နှင့် ဗြိတိန်တို့က လေကြောင်းမှတိုက်ခိုက်သည်။

၁၉၉၉ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ရှီးယိုက်ဘာသာရေးခေါင်းဆောင် ဂရင်းအယာတိုလာ ဆေယစ်မိုဟာမက်ဆာဒစ်အယ်ဆာဒါးမှာ နာဂျက်မြို့၌ လုပ်ကြံခံရသည်။

၂၀၀၁ခုနှစ် ဖေဖော်ဝါရီတွင် အီရတ်လေကြောင်း ကာကွယ်ရေး ကွန်ရက်လုပ်ရှားမရအောင် ဗြိတိန်၊ အမေရိကန်တို့က ဗုံးကြဲဖျက်ဆီးသည်။ ဗုံးကြဲမှုကို နိုင်ငံတကာ ထောက်ခံမှုမရရှိခဲ့။

၂၀၀၂ခုနှစ် စက်တင်ဘာတွင် အီရတ်နိုင်ငံ၏အန္တရာယ်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ အမေရိကန်သမ္မတဘုရှ်က တင်ပြသည်။ ထိုလတွင်ပင် အီရတ်၏စစ်ရေး စွမ်းရည်ဆိုင်ရာအမှုတွဲကို ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ဖြန့်ဝေသည်။

ရာဇသံပေး

၂၀၀၃ခုနှစ် မတ်၁၇ရက်တွင် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများကို အီရတ်မှ ပြန်ခေါ်သည်။ သမ္မတ ဆက်ဒမ်ဟူစိန်တို့သားအဖ ၄၈ နာရီအတွင်း အီရတ်မှ ထွက်ခွာရန် အမေရိကန်သမ္မတဘုရှ်က တိုက်တွန်းပြီး မထွက်ခွာလျှင် စစ်ဆင်မည်ဟု ရာဇသံပေးသည်။

၂၀၀၃ခုနှစ် မတ် ၂၀တွင် ဘဂ္ဂဒက်မြို့တော်ကို အမေရိကန်က ဒုံးကျည်များဖြင့် ပစ်ကာ အမေရိကန် ဦးဆောင်သည့်စစ်ပွဲ စတင်လိုက်သည်။ နောက်ရက်များတွင် အမေရိကန်နှင့် ဗြိတိန်တပ်များ အီရတ်နိုင်ငံကို တောင်ပိုင်းမှ ချီတက်ဝင်ရောက်သည်။ ဧပြီ ၉ရက်တွင် ဘဂ္ဂဒက် မြို့လယ်သို့ရောက်ရှိသည်။ မေလတွင် အမေရိကန်အုပ်ချုပ်ရေးမှူးက ဘာ့သ်ပါတီနှင့် အီရတ်အစိုးရဌာနများကို ဖျက်သိမ်းခဲ့သည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၃ရက်တွင် ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီး ၂၀၀၅ခုနှစ် အောက်တိုဘာတွင် လူသားအပေါ်ကျူးလွန်သည့် ပြစ်မှုဖြင့် စွဲချက်တင်သည်။ ၂၀၀၆ခုနှစ် နိုဝင်ဘာတွင် ပြစ်မှုထင်ရှားကြောင်း စီရင်ပြီး ဒီဇင်ဘာ ၃၀တွင် ကြိုးပေး ကွပ်မျက်သည်။ ၂၀၀၆ခုနှစ်အတွင်း အကြမ်းဖက်မှုများကြောင့် အရပ်သား၃၄၀၀၀ကျော် သေဆုံးကြောင်း ကုလသမဂ္ဂက ကြေညာသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် ဘဂ္ဂဒက်မြို့ ဆာဒရီးယားဈေး၌ ဗုံးပေါက်ကွဲမှုကြောင့် လူ၁၃၀ကျော် သေဆုံးသည်။ ၂၀၀၃ခုနှစ်နောက်ပိုင်း တစ်ချီတည်းဖြင့် လူအသေအပျောက်အများဆုံး ဗုံးခွဲမှုဖြစ်သည်။

လွှဲအပ်

၂၀၀၇ခုနှစ် အောက်တိုဘာတွင် အီရတ်နိုင်ငံအတွင်းသို့ ကာ့ဒ်သူပုန်များကို လိုက်လံတိုက်ခိုက်မှု ဆက်လက်ပြုလုပ်ရန် တူရကီပါလီမန်က ဆုံးဖြတ်သည်။ ထိုနှစ် ဒီဇင်ဘာတွင် အီရတ်နိုင်ငံအတွင်းရှိ ပီကေကေ ကာ့ဒ်သူပုန်များအား တူရကီက လေကြောင်းမှ ဝင်တိုက်သည်။ ဘာဆရာပြည်နယ်အုပ်ချုပ်ရေးမှူးကို ဗြိတိန်က အီရတ်တပ်များထံ လွှဲအပ်သည်။

၂၀၀၈ခုနှစ် ဇွန်လတွင် အီရတ်ရောက် ဩစတြေးလျတပ်များက တိုက်ခိုက်မှု စစ်ဆင်ရေးများ အဆုံးသတ်လိုက်သည်။ ထိုအတောအတွင်း အီရတ်ဝန်ကြီးချုပ် မာလီကီသည် အီရန်သို့ ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်သွားရောက်သည်။ အမေရိကန်တို့က အီရန်ကိုတိုက်ခိုက်ရန် မိမိတို့အီရတ်နိုင်ငံကို ကြားစခန်းအဖြစ် အသုံးပြုခွင့်ပေးမည် မဟုတ်ကြောင်း ဝန်ကြီးချုပ် မာလီကီက ကြေညာထားသည်။

တိုက်ဂရီးစ်နှင့် ယူဖရိတ်တီးစ် မြစ်နှစ်သွယ်ကို ဖြတ်သန်းစီးဆင်းစေပြီး ပင်လယ်ကွေ့မှ အင်တီတောရပ်တောင်တန်းများအထိ ကျယ်ပြောသည့် ခေတ်သစ်အီရတ်သမ္မတနိုင်ငံသည် လူ့ယဉ်ကျေးမှုအစတစ်ခုဖြစ်သော မက်ဆိုပိုတေးမီးယားနိုင်ငံ တစ်ဝန်းလုံးနီးပါးအပေါ် တည်ထောင်ထားသည့် ထူးခြားသော နိုင်ငံ ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

(၁၆)ကြိမ်မြောက်
မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)တိုက်ကွမ်ဒိုပြိုင်ပွဲ ဖိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် မွန်းလွဲ၂နာရီက တောင်ကြီးမြို့ မိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တပ်မတော်(ကြည်း၊ရေ၊လေ)တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ဖိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ဖယ်သာဝိတ်(ဂ)အဆင့် အမျိုးသမီးပြိုင်ပွဲတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ သက်မြတ်နိုးဝေနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အေးစံပယ်တို့၏ ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ ဖလိုင်းဝိတ်(က)အဆင့်အမျိုးသားပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ မြင့်ကျော်နှင့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဝင်းဦးတို့၏ ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ ဖလိုင်းဝိတ် (ခ) အဆင့် အမျိုးသမီးပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ သင်းသင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မြသိန်းစုတို့၏ ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဇနီးဒေါ်သန္တာဝင်းစိန်နှင့် ဧည့်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

တံခွန်စိုက်ဆုချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် အကောင်းဆုံး ဆုရရှိသူများအား တစ်ဦးချင်းဆုများ ချီးမြှင့်ရာ ဆုရရှိသူများက အသီးသီး လက်ခံရယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဆု ရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား လည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုနှင့် ငွေများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထပ်မံချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ၂၀၀၈ခုနှစ် (၁၇)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ပထမဆုရရှိသူ များအား ငွေကျပ်၁၂၀၀၀၊ ဒုတိယဆုရရှိသူများအား ငွေကျပ်၁၀၀၀၀၊ တတိယဆုရရှိသူများအား ငွေကျပ်၇၀၀၀၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများအားငွေကျပ်၁၂၀၀၀နှင့် ဒိုင်အဖွဲ့ဝင်များအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ထပ်မံ ချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းများ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းက ရေတာရှည်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၀ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသော မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈) သို့ တက်ရောက်အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူ ၁၀ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အုတ်တွင်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)သို့ တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၀ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဖြူးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက် အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၁ဦးတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောက်တံခါးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်ပြီး ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အဆင့်၌ အမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၁၀ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးနှင့် ကျန်းမာရေးငွေပဒေသာပင်များ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး စိုက်ထူ

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၈ နာရီက နေပြည်တော်တပ်ကုန်း မြို့ဖွံ့ဖြိုးရေးကော်မတီမှ ဆောက်လုပ်လျက်ရှိသော နေပြည်တော်တပ်ကုန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ လေးခန်းတွဲတစ်ထပ်ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုပြီး မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံ၍ ပညာရေးပဒေသာပင် အတွက်အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ငွေပဒေသာပင်စိုက်ထူ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်တပ်ကုန်း ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး မြို့နယ် ကျန်းမာရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ပြည်ထဲရေးဝန်ကြီးဌာနက ကျန်းမာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အသုံးချစာရင်းနှင့်အုပ်ချုပ်မှုပညာသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီကကြီးမှူးဖွင့်လှစ်သည့် အသုံးချစာရင်းနှင့်အုပ်ချုပ်မှု ပညာသင်တန်း (UMFCCI Level I) အပတ်စဉ်(၃၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre၌ကျင်းပသည်။ အခမ်းအနားတွင်ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌဦးစိန်ဝင်းလှိုင်(ဝဲပုံ)က သင်တန်းအဖွင့် အမှာစကားပြောကြားပြီး သင်တန်းသူ၊ သင်တန်းသား ၉၆ဦးတက်ရောက်ကြကာ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ကုန်သည်စက်မှု)**

မော်လမြိုင်မြို့နယ် အဆိုအကအရေးအတီးပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက်က မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ထို့နောက် ညနေပိုင်းတွင် ဆုပေးပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီရိုနှင့် မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော် တို့က ဆုရသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း၊ ကြိုးစားအားထုတ်မှု ဆုရကျောင်း၊ ပံ့ပိုးကူညီသည့် တက္ကသိုလ်ဆု၊ သုံးနှစ်ဆက်တိုက် အောင်ချက် အကောင်းဆုံး ကျောင်း၊ သင်ကြားမှု ထူးချွန်ဆုရရှိသည့် ကျောင်းတို့မှ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းမှ စံပြဆုရသည့် ဆရာမအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြရာ ဆုရရှိသူများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသည့် တနင်္သာရီတိုင်းအတွင်းရှိ ကျောင်းများ၏ အောင်မြင်မှုအခြေအနေ မှတ်တမ်း ဓာတ်ပုံများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၏ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ ဓာတု၊ ရူပ၊ ဇီဝ၊ သိပ္ပံလက်တွေ့ခန်း၌ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ စမ်းသပ်သင်ယူနေမှုများနှင့် မာ(လ်)တီမီဒီယာ ကွန်ပျူတာစာသင်ခန်းများအတွင်း သင်ကြားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

မြေသြဇာကြဲပက်

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း မြိတ်မြို့နယ်မှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံကာ မြိတ်မြို့မဇောကျေးရွာအုပ်စု ပြင်ကြီးကျေးရွာသို့သွားရောက်၍ ကွင်းအမှတ်(၆၉)၊ ဦးပိုင်အမှတ်(၂၉)၊ (၃၃) တို့ရှိ တောင်သူ ဦးအကြင်နှင့်ဦးငွေထွန်းတို့၏ ရွှေဘို(၁) စပါးနှစ်ဧက စိုက်ခင်းတွင် မြေသြဇာကြဲပက်နေမှု ဦးပိုင်(၃၀)၊ (၃၁)တို့ရှိ တောင်သူ ဦးညဏ်တင်နှင့် ဦးထွန်းအောင်တို့၏ နှစ်ဧကကွင်း၌ ရွှေဘို(၁)စပါးပျိုးပင်များ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် မြိတ်တပ်နယ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ အရာခံ၊အကြပ်စစ်သည်များနှင့် မိသားစုများအားတွေ့ဆုံပြီး တပ်နယ်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည်ညနေ၃နာရီတွင်တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ တိုင်းစိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့မှတာဝန်ရှိသူများ၊ တိုင်းနှင့် ခရိုင် ပြည်သူ့ဆောက်လုပ်ရေးမှ အင်ဂျင်နီယာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

(သတင်းစဉ်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ တက္ကသိုလ်များ လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း**(အပေါ်ပုံ)**သည် ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်)၊ အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာန(မာလာဆောင်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့သို့ သွားရောက်၍ သက်ဆိုင်ရာဌာနများရှိ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဘာသာရပ်ဌာနအလိုက် သုတေသနလုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ဖြည့်စွက် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၈) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၄

ရင်းမာပန်းရနံ့များ မွှေးပျံ့သော ကန်ရာသီတော်သလင်းလတွင် ကျေးလက်ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် **(ယာပုံ)** အတွဲ (၅)၊ အမှတ်(၁၈)အား ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ပြည်ပဝင်ငွေရရန် ပြောင်းသီးနှံတိုးချဲ့စိုက်ပျိုးသင့်၊ မျိုးမြေပဲကို စနစ်တကျ သိုလှောင်၊ အာလူးစိုက်ပါစားပါ၊ မုန်တိုင်းဒဏ်ခံရသော လယ်ယာမြေပြုပြင်ရေးနှင့် တွဲဖက်စီးပွားရေး၊ စီးပွားဖြစ် သစ်ခွစိုက်ပါ၊ စပါးပင် ကြီးထွားချိန်တွင် ဖျက်ဆီးနိုင်သော ပိုးမွှားသတိပြုပါစသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ ဝက် ဝမ်းကျရောဂါ၊ ကောက်ရိုးကို ရိုးရိုးကျွေးခြင်းနှင့် ပြုပြင် ကျွေးမွေးခြင်း၊ ကြက်ချေးဖြူကပ်ရောဂါ၊ ဒေသအလိုက်ရရှိနိုင်သော တိရစ္ဆာန် အစားအစာများ စသည့် မွေးမြူရေး ဆောင်းပါးများ၊ လက်သန့်အလေ့အထများ ကျင့်သုံးရန်လိုအပ်၊ ပြည်သူများကြား ကူသပျောက်ကင်းခြင်းများ၊ အစာလည်းဆေး ဆေးလည်းအစာ ရုံးပတီသီး၊ ဆီးချိုရောဂါ ဝေဒနာရှင်များ အသက်ရှည်ရှည်နေလိုလျှင် စသည့် ကျန်းမာရေး ဆောင်းပါးများ၊ တိုးမြစ်နှင့် ယှဉ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ မျိုးဆက်သစ်စာကြည့်တိုက်၊ ပညာရှိသတိဖြစ်ခဲ၊ နာဂစ်က ပေးသော သင်ခန်းစာ၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနေသည့် ကျေးလက်ရက်ကန်းလုပ်ငန်းစသည့် အသိပညာပေးသုတ၊ ရသ၊ ဆောင်းပါးများနှင့် ရေလိုအေးလို့ ပန်းလိုမွှေးမယ်လေ ဝတ္ထုတိုတို့အပြင် ပုံပြင်၊ ဟာသ၊ကာတွန်း၊ ကဗျာ၊ မြန်မာ ဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ်၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်း

(စက်တင်ဘာ၁၄ရက် မြန်မာစံတော်ချိန် ညနေ ၄နာရီခွဲ ထုတ်ပြန်ချက်)

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် မိုင် ၁၉၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေကို နောက်၂၄နာရီအတွင်း ဖြတ်ကျော်ကာ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်္သာတစည်ပင် ကွန်ကရစ်တံတားတည်ဆောက်

ဟင်္သာတ စက်တင်ဘာ ၁၄

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (မြို့ပြ၊ မွမ်းမံပြင်ဆင်)လုပ်ငန်းဖြစ်သော ကွန်ပျူတာတက္ကသိုလ်ကျောင်းရှေ့ရှိ အုတ်ခုံခံကွန်ကရစ်တံတား ပြင်ဆင်ဆောက်လုပ်သည့် လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးငွေဝင်းတို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းသီတာဦးက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

3Dနှင့်Cool သွားတိုက်ဆေးတို့အား WHOမှ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

E lan ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ဖြန့်ချိသော 3D နှင့် Cool သွားတိုက်ဆေးတို့အား WHO Collaborating Centre(Netherlands)မှသွားနှင့်ခံတွင်းရောဂါကာကွယ်ပေးနိုင်သော Free available Fluoride လုံလောက်စွာပါဝင်သည့် သွားတိုက်ဆေးဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၂ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် WHO Collaborating Centre မှ Pro Wim Van Palenstein Helderman တို့က ပေးအပ်ချီးမြှင့်ကြသည်။

ကြိုတင်ကာကွယ်နိုင်

3D သွားတိုက်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ စံချိန်စံညွှန်းများနှင့်အညီ SMFP-DCPP ပါရှိကာ Fluoride ပမာဏ တိတိကျကျထည့်သွင်း ထုတ်လုပ်ထားသောကြောင့် သွားပိုးစားခြင်းကို ကာကွယ်ပေးပြီး တစ်နေ့နှစ်ကြိမ် ပုံမှန်တိုက်ပေးခြင်းဖြင့် သွားနှင့်သွားဖုံးရောဂါတို့ကို ထိရောက်စွာ ကြိုတင်ကာကွယ်နိုင်သည်။

ခံတွင်းလန်းဆန်းသန့်ရှင်း

ထို့အတူ Cool သွားတိုက်ဆေးသည်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ စံချိန်စံညွှန်းများနှင့်အညီ(Sodium Fluorids)Naf-0.22 ရာခိုင်နှုန်းနှင့် Silica Gel ပါဝင်သည့်အတွက် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပြီး Micro Crystals ပါဝင်သည့်အတွက် သွားများကို ဖြူဖွေးသန့်စင်စေ၍ ခံတွင်းကို လန်းဆန်းသန့်ရှင်းစေသည်။

ယုံကြည်စွာသုံးစွဲ

ထို့ကြောင့် E lan ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်ဖြန့်ချိသော 3D နှင့် Cool သွားတိုက်ဆေးတို့အား အပြည့်အဝယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုနီ၏ အဆင့်မြင့်ကင်မရာများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

TMW Enterprise Ltd. ၏ SONY Professional High Definition Camera မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

မိတ်ဆက်ရှင်းလင်းပွဲတွင် TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(အောက်ပုံ)** SONY Broadcast and Professional Product Division (Singapore) မှ Mr.John Low နှင့် ရုပ်ရှင်နှင့်ဗီဒီယို ဒါရိုက်တာ ဦးအောင်ကိုလတ်တို့က SONY Professional High Definition Camera ၏ အရည်အသွေးများနှင့် အသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။

ဝန်ဆောင်မှု

SONY မှ ထုတ်လုပ်သော 2 Million Resolution (VPL-FH 300) Projector ၏ Picture Quality အပြည့်အဝရရှိစေရန် HD Camera များနှင့် ရိုက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုရိုက်သူများအတွက် Standard Definition Camera များအစား High Definition Camera များ ပြောင်းလဲသုံးစွဲနိုင်ရန် သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် TMW Enterprise Ltd. မှ SONY HD Camera Recorder နှင့် Player ပစ္စည်းဝယ်ယူသုံးစွဲသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကံမမြို့၌ အလှူရှင်စက်ရေတွင်းဖွင့်

ကံမ စက်တင်ဘာ ၁၄

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အမှတ်(၁)ရန်အောင်မြေရပ်၌ ဆောင်ရွက်သော (၁၅)ကြိမ်မြောက် အလှူရှင် နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို စက်တင်ဘာ ၈ရက် နံနက် ၉နာရီက စက်ရေတွင်းဖွင့်ပွဲမှခ်ဦး၌ ကျင်းပရာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးသန်းဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

အဆိုပါ စက်ရေတွင်းမှာ ၁နာရီလျှင် ရေဂါလန် ၁၀၀၀ ထွက်ရှိပြီး ရပ်ကွက်ပြည်သူ ၁၂၁၁ဦးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိပြီ ဖြစ်ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့ခြင်း

ပို့ဆောင်ရေးဘောလုံးအသင်းကြီးပေါ်ပေါက်အောင် ပျိုးထောင်ပေးခဲ့သည့် ဆရာကြီးဦးမောင်မောင်လေးအား တပည့်ဟောင်းများက ဂုဏ်ပြုကန်တော့

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - စိုးမိုး(IBC) စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၄

ကြီးသူကို ရိုသေ၊ ငယ်သူကို လေးစားခြင်းမှာ မင်္ဂလာတစ်ပါးမည်ပေသည်။ မိမိအပေါ် တစ်ချိန်က ကူညီစောင့်ရှောက် သွန်သင်မှုများပေးခဲ့သည့် ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ဘဲ တပည့်ဖြစ်ခဲ့ဖူးသူများက အခွင့်အခါကြုံတိုင်း ဂါရဝပြု ပူဇော်ကန်တော့ခြင်းမှာလည်း မြန်မာတို့၏ ချစ်စရာ ဓလေ့ထုံးတမ်းတစ်ခုဖြစ်သည် မဟုတ်ပါလား။

ဒုတိယအကြိမ်ဖြစ်

ပြီးခဲ့သည့် ရက်များမကြာခင်က နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ဘောလုံးသမားများစွာနှင့် အခြားသောအားကစားနယ်ပယ်အတွက် လက်ရွေးစင်ကစားသမား အများအပြားပေါ်ထွက်အောင် ပြုစုပျိုးထောင် သင်ကြားပေးခဲ့သော တက္ကသိုလ်နှင့်လက်ရွေးစင်ဘောလုံးအသင်း နည်းပြဆရာကြီး ဆရာငြိမ်းကို သူ၏အသက်၉၀ပြည့် မွေးနေ့အထိမ်းအမှတ်

ဆရာကြီးဦးမောင်မောင်လေးနှင့်အဖွဲ့အား တပည့်ဘောလုံးသမားများက ဂါရဝပြု ကန်တော့ကြစဉ်။

အဖြစ် တပည့်ဖြစ်ခဲ့ဖူးသူများက အစဉ်အလာမပျက် ဂါရဝပြု စုပေါင်းကန်တော့ပွဲ အခမ်းအနားကို ကျွန်တော်ဝမ်းသာပီတိဖြစ်စွာ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ယခုလည်း ရေကြောင်းပို့ဆောင်ရေးဘောလုံးအသင်းကို စနစ်တကျ ပြုစုပျိုးထောင်ပေးပြီး ဝန်ကြီးဌာနနှင့် နိုင်ငံ့လက်ရွေးစင်အသင်းအတွက် အားထားရသည့် ဘောလုံးသမားကောင်းများစွာ မွေးထုတ်ပေးခဲ့သည့် ဆရာကြီးဦးမောင်မောင်လေး (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)အား တပည့်ဖြစ်သူ ဘောလုံးသမားဟောင်းကြီးများက စုပေါင်းဂါရဝပြု ပူဇော်ကန်တော့ပွဲအခမ်းအနားကို ထပ်မံ ကြုံတွေ့လိုက်ရသည့်အတွက် ဒုတိယအကြိမ်မြောက် ဝမ်းသာပီတိ ဖြစ်ခဲ့ရပြန်သည်။

တက်ရောက်

ပို့ဆောင်ရေးအသင်းပေါ်ပေါက်လာအောင် လူအား၊ ငွေအား၊ အကြံဉာဏ်အား၊ ပညာအားဖြင့် အပတ်တကုတ်ကြိုးစားပေးခဲ့ပြီး ဘောလုံးအပေါ်နှင့် ဘောလုံးသမားများအပေါ် အလွန်နားလည်ချစ်မြတ်နိုးသည့်စိတ်ဖြင့် ဘောလုံးသမားကောင်းများစွာ ပေါ်ထွက်လာအောင် ဖခင်တစ်ဦးသဖွယ် သွန်သင်လမ်းညွှန် လေ့ကျင့်ပံ့ပိုးပေးခဲ့သည့် ဆရာကြီး ဦးမောင်မောင်လေးအား သူ့တပည့်ဟောင်း ဘောလုံးသမားများက ပူဇော်ကန်တော့ပွဲကို ပြီးခဲ့သည့် စက်တင်ဘာ ၁၄ရက် (တနင်္ဂနွေနေ့)နံနက်ပိုင်းက အောင်ဆန်းအားကစားကွင်း၌ ပြုလုပ်ခဲ့ရာ ဆရာကြီး ဦးမောင်မောင်လေးနှင့်အတူ ပို့ဆောင်ရေးဘောလုံးအသင်းကို အနီးကပ်ကြီးကြပ်တာဝန်ယူခဲ့ဖူးသည့် ညွှန်ကြားရေးမှူး(ငြိမ်း)များ ဖြစ်သည့် ဦးစိုးလွင်နှင့် ဦးစိန်လှိုင်တို့အပါအဝင် ပို့ဆောင်ရေးနှင့် လက်ရွေးစင် ဘောလုံးသမားဟောင်းကြီးများစွာ တက်ရောက်ခဲ့ကြသည်ကို အားရဖွယ်တွေ့ရသည်။

မွေးထုတ်ပေးခဲ့

ပို့ဆောင်ရေးအသင်းတွင် အလွန်ခြေစွမ်းထက်သော ကစားသမားကောင်းများ ပေါ်ထွန်းခဲ့သလို ဆည်းဆာ၊ နေဝင်း၊ သက်တင်၊ တင်ဝင်းလေး၊ ဟန်ထွန်း၊ မြင့်အောင်လှိုင်၊ ကျော်မင်း၊ မျိုးလှိုင်ဝင်း စသော နိုင်ငံ့ဂုဏ်ဆောင် နာမည်ကြီး ဘောလုံးသမားများကိုလည်း မွေးထုတ်ပေးခဲ့သည်ကို တွေ့ရသည်။

လေးကြိမ်ရှိပြီ

အခမ်းအနားမစမီ ပို့ဆောင်ရေးအသင်းသားဟောင်းများနှင့် လက်ရွေးစင်ဟောင်းများအသင်းတို့က ဆရာကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားခဲ့သည်ကလည်း ယနေ့ခေတ်ဘောလုံးသမားများ သိရှိအမှတ်ရချင်စရာ ဖြစ်နေသည်။ ထို့နောက် ဦးမောင်မောင်လေးအပါအဝင် ဆရာကြီးသုံးဦးတို့အား တပည့်ဟောင်း ဘောလုံးသမားကြီးများက လှူဖွယ်ပစ္စည်းများစွာဖြင့် လက်အုပ်ချီမိုးကန်တော့ခဲ့ကြသည့် မြင်ကွင်းကလည်း အလွန်ပီတိဖြစ်စရာကောင်းလှသည်။ ထိုပွဲဖြစ်မြောက်စေရေး ဦးစီးကမကထပြု ဆောင်ရွက်ခဲ့သည့် နည်းပြဟောင်း ဦးကျော်မြင့်က ပို့ဆောင်ရေးဘောလုံးသမားဟောင်းများအနေဖြင့် အသက်အရွယ်အခြေအနေအရ နေရာမျိုးစုံရောက်နေသော်လည်း အကြောင်းတစ်စုံတစ်ရာ ရှိခဲ့လျှင် အချင်းချင်းဆက်သွယ်စည်းရုံးပြီး အပြန်အလှန် လိုအပ်သည့်အကူအညီများ ပေးလေ့ရှိပြီး ယခုကဲ့သို့ ဆရာကြီးများကို ဂုဏ်ပြုကန်တော့ခြင်းမျိုးလည်း ယခုတစ်ကြိမ်အပါအဝင် လေးကြိမ်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့မှုမှာလည်း အခြားသောဘောလုံးအသင်းများမှ ဘောလုံးသမားဟောင်းကြီးများနှင့် မျိုးဆက်သစ်ဘောလုံးသမားများ အားကျအတုယူစရာ အချက်တစ်ခုဖြစ်ပါကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ကျိုက်မရောမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ကျိုက်မရောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၈နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့သော အသင်းဝင် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ၊ လေဘေးသင့်ဒေသများသို့ သွားရောက်လုပ်အားပေးခဲ့ကြသော အသင်းဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက်က ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဟင်္သာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်ခရိုင်အသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ ၄၆ခုတို့မှ အသင်းဝင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ရှေးဦးစွာ သဘာပတိမွန် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က **(အပေါ်ပုံ)** အမှာစကားပြောကြားပြီးနောက် အလှူငွေများပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ငွေကျပ် ၁၂၂၄၀၀၀ကို လက်ခံရယူခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျိုက်မရောမြို့နယ်အတွင်းမှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၂၀နှင့် လေဘေးသင့်ဒေသများသို့ သွားရောက်လုပ်အားပေးခဲ့ကြသည့် အသင်းဝင်များအား မြို့နယ်အသင်းအတွင်းရေးမှူး ဦးလှထွန်းက ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆွေးနွေး

ဆက်လက်၍ အသင်းနှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းအလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတင်သွင်းခြင်း၊ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ တင်သွင်းခြင်းနှင့် ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

မော်တော်ကားများ၊ ထရပ်ကားများနှင့် ဂျက်လေယာဉ်များက အသုံးပြုသော ဓာတ်ဆီနှင့် ဟိုက်ဒရိုကာဗွန်လောင်စာများ (Hydrocarbon Fuels) လောင်ကျွမ်းခြင်းဖြင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသောအရာများ (Pollutant) ထွက်ပေါ်လာသည်။

အခြေခံကျ

နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ဟိုက်ဒရိုကာဗွန်၊ ကာဗွန်မိုနောက်ဆိုဒ်တို့သည် အိတ်ဇောငွေ့များဖြစ်ပြီး လေထုညစ်ညမ်းမှုအတွက် အခြေခံအကျဆုံး ဓာတ်ငွေ့များဖြစ်သည်။ အိတ်ဇောထဲတွင် ဓာတ်ငွေ့များပါလာရခြင်းမှာ မော်တော်ယာဉ် အင်ဂျင်စက်များအတွင်း၌ ဓာတ်ဆီသို့မဟုတ် ဒီဇယ်ဆီများ ကုန်အောင်မလောင်ကျွမ်းသောကြောင့် ဖြစ်သည်။ ဓာတ်ဆီနှင့်ဒီဇယ်ဆီတို့ အကုန်အစင် လောင်ကျွမ်းမည်ဆိုပါက ရေငွေ့နှင့်ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တို့သာ ပေါ်ထွက်မည်။ သို့ရာတွင် အိတ်ဇောဓာတ်ငွေ့များအဖြစ် ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့၊ နိုက်ထရိုဂျင်ဓာတ်ငွေ့နှင့် ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့များ ပေါ်ထွက်နေဆဲဖြစ်သည်။

လေထုအတွင်းသို့ ရောက်ရှိလာသည့် မီးခိုးနှင့် လေထုလွှာအတွင်းရှိ ရေခိုးရေငွေ့တို့ ပေါင်းစပ်မိရာမှ မီးခိုးမြူ (Smog) ဖြစ်ပေါ်နိုင်သည်။ မီးခိုးမြူသည် အများပြည်သူဆိုင်ရာ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ တိုးလာခြင်းဖြင့် ကမ္ဘာ့အပူချိန်ပေါ်၌ အကျိုးသက်ရောက်နိုင်သည်။ ကမ္ဘာ့အပူချိန် တစ်ဒီဂရီတိုးရုံမျှဖြင့် သစ်တောများ၊ မြက်ခင်းလွင်ပြင်များနှင့် ကန္တာရများ၌ အပြောင်းအလဲများ ဖြစ်ပေါ်နိုင်သည်။ ဝင်ရိုးစွန်းဒေသများ၌ အပူချိန်တစ်ဒီဂရီ တိုးရုံမျှဖြင့် ပင်လယ်ရေမျက်နှာပြင် ၁၆ပေအထိ မြင့်တက်နိုင်သည်။

သစ်တောပြုန်းတီးမှု

သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူနိုင်စွမ်းရှိသော်လည်း ကမ္ဘာ့သစ်တောပြုန်းတီးမှုကြောင့် ဥတုရာသီပြောင်းလဲလာနိုင်ပုံကို သိပ္ပံပညာရှင်များက ထောက်ပြကြသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရစ်အောက်ဆိုဒ်တို့သည် မိုးရေနှင့်အတူ အက်စစ်မိုးအဖြစ် ရွာသွန်းနိုင်သည်။ သစ်တောပျက်စီးရမှုတွင် အက်စစ်မိုး ရွာသွန်းမှုတည်းဟူသော အကြောင်းအရာပါဝင်သည်။ အက်စစ်မိုးကြောင့် မြေသား၏ ချဉ်ငန်ဓာတ်ပြောင်းလဲကာ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်နိုင်သည်။

ကမ္ဘာ့လေထုအတွင်း အိုဇုန်းဓာတ်ငွေ့နှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်တို့ ပေါင်းစပ်မှုကြောင့် လေထုညစ်ညမ်းကာ အပင်များသေကျေပျက်စီးနိုင်သည်။

ပိုမိုဖြစ်ပေါ်

လေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုတစ်ရပ်မှာ အိုဇုန်းလွှာ ပေါက်ခြင်းဖြစ်သည်။ အန္တာတိကတိုက်(Antarctica)နှင့် အာတိတ်ဒေသ (Arctic) (မြောက်ဝင်ရိုးစွန်းဒေသ) တို့ရှိ အိုဇုန်းလွှာ (Ozone Layer)တွင် အခါအားလျော်စွာ အပေါက်များဖြစ်ပေါ်ရခြင်းမှာ လေထုညစ်ညမ်းမှုကြောင့်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် အိုဇုန်းလွှာ ပါးလွှာလာနေကြောင်း သိပ္ပံပညာရှင်များက သတိပေးခဲ့ကြပြီး အိုဇုန်းလွှာပေါက်မှုကြောင့် ကမ္ဘာမြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် ထုတ်လွှတ်မှုပမာဏ တိုးပွားလာသည်။ ခရမ်းလွန်ရောင်ခြည်ထုတ်လွှတ်မှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများနှင့် အပင်ငယ်များပျက်စီးနိုင်သည့်အပြင် လူတို့၌ ကင်ဆာရောဂါနှင့် မျက်စိအတွင်းတိမ် (Cataract) ရောဂါတို့ ပိုမိုဖြစ်ပေါ်နိုင်သည်။

ရေခဲသေတ္တာများ၊ လေအေးပေးစက်များနှင့် ဆေးမှုတ်ကိရိယာများက ကလိုရိုဖလူယိုရိုကာဗွန်များ (Chloro fluorocarbons) ထုတ်လွှတ်မှုကြောင့် အိုဇုန်းလွှာပြုန်းတီးရခြင်းဖြစ်သည်။

လူသားအားလုံးတာဝန်

အိုဇုန်းလွှာသည် မြေပြင်မှ ကီလိုမီတာ ၂၀မှ ၄၀အမြင့်ရှိ လေထုတွင် တည်ရှိသည်။ ကမ္ဘာ့လေထုအတွင်း စထရက်တိုစဖီးယား (Stratosphere) အလွှာအတွင်း အိုဇုန်းလွှာတည်ရှိပြီး ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူပေးသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ကမ္ဘာ့လေထုလွှာ ညစ်ညမ်းမှုလျော့ပါးရေးအတွက်လည်းကောင်း၊ အိုဇုန်းလွှာ မပျက်စီးရေးအတွက်လည်းကောင်း ကြိုးပမ်းရန် လူသားအားလုံးအပေါ် တာဝန်ကျရောက်လျက်ရှိပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ

မြန်မာ့ရုပ်မြင်သံကြား

၁၅-၉-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ တေးဂီတအစီအစဉ်
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာအဆင့် ၁၅-၂၀နှစ်အတွင်း)(အမျိုးသမီး)**
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၀ ၄။ နမ္မတီးတံတား(ကံလှ)
- ၄:၄၀ ၅။ တေးဂီတအစီအစဉ်
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ အတီးပြိုင်ပွဲ
- ၅:၁၀ ၈။ တေးဂီတအစီအစဉ်
- ၅:၂၅ ၉။ **ဇင်ဇင်နှင့်ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၅:၃၅ ၁၀။ မုန်တိုင်းလွန်ကာလ မြင်ကွင်းသစ်များ
- ၅:၄၅ ၁၁။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား)**
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၄။ အလှူရှာမယ်၊ လှုကမ္ဘာဝယ်
- ၇:၀၀ ၁၅။ **အဆုံးအဖြတ်** ခန့်စည်သူ၊ ၄ က်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၇:၁၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၉)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
  - ၁၉။ နိုင်ငံတကာသတင်းများ
  - ၂၀။ မိုးလေဝသအခြေအနေ
  - ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိုပ်**(အပိုင်း-၉)

* ကျောဖုံးမှ

အဓိကစိန်ခေါ်ပွဲကြီး နှစ်ပွဲရှိရာ၌ ဝင်းထွန်းနှင့် ကြယ်လင်းအောင်တို့ပွဲက နောက်ဆုံးမှ ထိုးသတ်သည့်အတွက် ရန်ကြီးအောင်နှင့် ချာန်ထူးတို့ပွဲက ရှေ့ထွက်ပွဲ ဖြစ်သွားသည်။ အငြိမ့်ပွဲစကားနှင့်ပြောရလျှင် ရှေ့ထွက်မင်းသမီးသည် ခေါင်းဆောင်မင်းသမီးလောက် အဆင့်မမြင့်သကဲ့သို့ ရန်ကြီးအောင်နှင့်ချာန်ထူး တို့ပွဲကလည်း ပရိသတ်စိတ်ဓာတ်နှင့် သိပ်မဟပ်ဘဲ ထိုးလုံးသတ်ပေါက် ခပ်ကျဲကျဲဖြစ်ခဲ့သည်။

ပထမအချီ

ပထမအချီတွင် ရန်ကြီးအောင်က ဘယ်ထောက်ညာဖြောင့်ဝမ်းတူးအတွဲဖြင့် သွေးတိုးစမ်းသည်။ ချာန်ထူးက ဘယ်လက်ကိုဆရင်း ညာလက်သီးကို နားရွက်နောက်အထိ ဆွဲချိန်ကာလိုက်ပြီး အပိုင်ထိုးဖို့ ကြိုးစားသည်။ ချာန်ထူး၏ ညာဖြောင့်ထိုးဟန်က မြားတံကို လေးတွင်ညှို့သကဲ့သို့ ရှိသောကြောင့် သိသာလှသဖြင့် ၎င်းအပိုင်ထိုးချက်ကို ရန်ကြီးအောင်က ရှောင်ထွက်နိုင်ခဲ့သည်။ လက်သီးအားကျဲ၍ လူချင်းပူးမိကြလျှင် ချာန်ထူးက ကြမ်းပြင်ပေါ်သို့အားဖြင့် ဖိချသည်။ ဒုတိယအချီတွင် ချာန်ထူးက မြင့်သော ချာန်ထူးက အနည်းငယ်မူးဝေဟန်မျှသာရှိပြီး ရန်ကြီးအောင်ကလည်း ထပ်ဆင့်လက်သီးများ မလွှတ်နိုင်ခဲ့။ အားဖြင့် ဝင်လာသော ချာန်ထူးကို ရန်ကြီးအောင်က အားချင်းဆိုင်၍ ပြန်မထိုးနိုင်ဘဲ ဆုတ်ထိုးထိုးသည့်အတွက်လည်း ထိချက်မနာသကဲ့သို့ရှိသည်။ လက်သီး သုံးလုံးခန့်ဆက်တိုက်ထိ၍ ကြိုးတန်းပေါ်တွင် လည်နေသော ချာန်ထူးအား ခွာ၍ အပိုင်စောင့်ထိုးရမည့်အစား ရန်ကြီးအောင်က ဝင်ပူးဖို့သာ စိတ်အားထက်သန်နေသည်။ ရန်ကြီးအောင်၏ ထိုးလုံးသတ်ကွက်သည် လုံးချောနှင့်ထိုးစဉ်ကလောက်ပင် အမြင်မလှဘဲ ကျိုးတို့ကျဲတဲ ဖြစ်နေသည့်အတွက် ပရိသတ်လက်ခုပ်သံမရဘဲ အော်ဟစ်ရှုတ်ချသံများသာ ထွက်ပေါ်လာခဲ့သည်။

ထိထိရောက်ရောက်

စတုတ္ထနှင့် ပဉ္စမအချီများ၌လည်း ရန်ကြီးအောင်က "နှင်ချီ" မရှိတော့သကဲ့သို့ ချာန်ထူးကလည်း ထိထိရောက်ရောက် တိုက်စစ်မဆင်နိုင်သည့်အတွက် ပွဲရှိန်တက်မလာဘဲ ပွဲပြီးသွားခဲ့သည်။

ရှေ့ထွက်ပွဲက စိတ်တိုင်းမကျသဖြင့် ပရိသတ်များက နောက်ဆုံးပွဲကို မျှော်လင့်ခဲ့ကြသည်။ ဝင်းထွန်း၏ လက်သီးစုံထိုးကွက်များက ကြယ်လင်းအောင်၏မျက်နှာကို ဘယ်၊ညာ၊ ရှေ့တို့မှ ခဲနှင့်ဆုပ်ပစ်သကဲ့သို့ ထိမှန်သည်။ သို့သော် ကြယ်လင်းအောင်က အပြုံးမပျက်ဘဲ လက်ကိုဆန့်လိုက်ကာချုပ်တိုက်ဖို့ကြိုးစားသည်။ လူချင်းပူးလျှင် ဝင်းထွန်းကို ဘယ်ဘက်သို့ ဆွဲနှဲ၍ ဘယ်ဒူးဖြင့် တိုက်ချက်က ထိရောက်သောကြောင့် ဝင်းထွန်းက ဒူးဖြင့်မရအရ ကလန့် ထားရသည်။ ဝင်းထွန်းလက်သီးထွက်နေသည့်ကြားမှ ကြယ်လင်းအောင်က အားဖြင့် ပြေးကာ အောက်ခြေသိမ်းကန်သည့်အတွက် ဝင်းထွန်း ပက်လက်လန်ပြုတ်ကျသည်။ အပေါ်ချုပ် ချုပ်ရင်းမှ ခါးချုပ်ချုပ်၍ အားဖြင့် မတင်ကာ ကန့်လန့်ဖြစ်သွားသော ဝင်းထွန်း၏ ခန္ဓာကိုယ်ကို ကြမ်းပေါ်သို့ ကိုင်ပေါက်ထပ်ဖိချသည်။

မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)ကို အလဲထိုး အနိုင်ရရှိသွားသော ရန်နိုင်အောင်(တောင်ကလေး)။ (မြန်မာ့အလင်း)

အားဖြင့်ဖိလိုက်ရာ ရန်ကြီးအောင် ဆုတ်ခံ ခံနေရသည်။ အကန်ချင်းဆိုင်ကြလျှင် အားပါသော ချာန်ထူး၏ ကန်ချက်ကြောင့်ရန်ကြီးအောင်ပြုတ်ကျသည်။ ချာန်ထူး၏ ညာပတ်ခြေကန်ချက်ကို ရန်ကြီးအောင်က ဘယ်ပိုက်ဖမ်း ညာဖြောင့်ထိုးရာ ချာန်ထူးမျက်နှာကို တည့်တည့်ထိပြီး ဖင်ထိုင်ကျသွားသည်။

တတိယအချီ

တတိယအချီတွင် ချာန်ထူးက အားဖြင့်တိုးဝင်လျှင် ရန်ကြီးအောင်၏ဆုတ်ရင်း ဖြောင့်ထိုးသောလက်သီးများ အပိုင်ထိသော်လည်း မာဂုဏ်

ဒုတိယအချီလွှတ်လျှင်လွှတ်ချင်း ဝင်းထွန်း၏ ညာခြေအမြင့်ကန်ချက်များက ကြယ်လင်းအောင်၏နားထင်ကို သုံးချက်ဆက်တိုက်ထိမှန်သည်။ ကန်ချက်များက ထိရောက်လှသော်လည်း ကြယ်လင်းအောင်က အနည်းငယ် ယိုင်နဲ့ရုံမျှသာရှိပြီး ရှေ့သို့တိုးလာသည်။ ဝင်းထွန်းက လက်သီးကို ဖြောင့်ဆန်အောင် ဆီးထိုးသည်။ ကြယ်လင်းအောင်က ယိုင်ထိုးယိုင်ထိုးဖြင့် ရှေ့တိုးလာပြီး ဝင်ပူး၍ အားပါသောဒူးများတိုက်တော့သည်။ ကြယ်လင်းအောင်ကို အပြင်းအထန်ထိုးနှက်ရခြင်းနှင့် ကြယ်လင်းအောင်၏ ပူးချုပ်ဒူးတိုက်ခြင်းများကြောင့် ဝင်းထွန်းသက်လုံပြိုလာပြီး ဝပ်ချ၊ လှဲချ၊ ဖြုတ်ချ လုပ်လာသဖြင့် ပရိသတ်များ အော်ဟစ်ကြသကဲ့သို့ ခုံဒိုင်ကလည်း သတိပေးရသည်။

သတိထား

နောက်ပိုင်းအချီများတွင် ဝင်းထွန်းက အပူးမခံရအောင် သတိထားရင်း နားထင်ကိုကန်ခြင်း၊ ဒူးခုန်ပစ်ခြင်း၊ ပင့်ဝိုက် ဖြောင့်လက်သီးများထိုးခြင်းတို့ဖြင့် ကြယ်လင်းအောင်ကို

ရန်ကြီးအောင်(မြို့တော်စည်ပင်)ညာခြေဖြင့် ချာန်ထူး(တောင်ကလေး)၏ ဗိုက်ကို ဤသို့ ထိမိခဲ့သည်။ (မြန်မာ့အလင်း)

အထိနာစေသော်လည်း မယုံနိုင်စရာကောင်းလောက်အောင် မာဂုဏ်မြင့်သည့် ကြယ်လင်းအောင်က မရ အရ ရှေ့တိုးကာ ပူးချုပ်တိုက်သည့် သတ်ကွက်ရိုးရိုးကြီးဖြင့် ဝင်းထွန်းကိုသက်လုံဖြိုနေသည်။ ထိုးရင်း ဆုတ်ရင်းမှ လေထဲတွင် တစ်ကိုယ်လုံးလှည့်၍ ညာခြေကန်ထည့်လိုက်သော ဝင်းထွန်း၏ တိုက်ကွက်က ကြယ်လင်းအောင်ကို ငိုင်သွားစေသော်လည်း တစ်ချက်ကောင်း တိုက်ကွက်ဖြစ်သောကြောင့် ဆက်တိုက်အခွင့်အရေးမယူနိုင်သည့်ပြင် အချီစေ့သွားသည့်အတွက် အမှတ်စဉ်ရေတွက်ခံရခြင်း မဖြစ်ခဲ့ပေ။

စတုတ္ထအချီ

စတုတ္ထအချီအစတွင်လည်း တင်ရှန်းသော ဝင်းထွန်းထိုးချက်၊ ကန်ချက်များက ကြယ်လင်းအောင်ကို ထိကြသည်သာ၊ သို့ရာတွင် ကြယ်လင်းအောင်က သက်လုံမကျ ဝင်းထွန်းသာ သက်လုံကျပြီး အမှတ်စဉ် အရေခံရသည်။ နောက်ဆုံးအချီတွင် ဝင်းထွန်းလက်သီးပါဝါများ လျော့လာပြီး ကန်ချက်များကလည်း ပွဲပြီးရန်မစွမ်းတော့သကဲ့သို့ ကြယ်လင်းအောင်၏ ချုပ်တိုက် သတ်ကွက်ကလည်း ယခင်အချီများထက် ပို၍မထိရောက်သဖြင့် ဝင်းထွန်းအမှတ်စဉ် အရေခံရရုံသာရှိကာ သရေပွဲဖြစ်သွားတော့သည်။

ကျန်ငါးချီ စိန်ခေါ်ပွဲများတွင် ရန်နိုင်အောင် (တောင်ကလေး)က မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)ကို တတိယအချီ ၁မိနစ်၁၀စက္ကန့်၌၊ ဒိန်း(မြန်မာ့သွေးသစ်)က မျိုးဆက်သစ်(အလင်းရောင်)ကို ဒုတိယအချီ ၁မိနစ် စက္ကန့် ၃၀၌၊ ကြယ်လေး(မြန်မာပြည်သား)က ဝမ်းတူး(မျိုးဇာနည်)ကို စတုတ္ထအချီ ၂မိနစ် ၃၇စက္ကန့်၌ အလဲထိုး အနိုင်ယူခဲ့ကြပြီး ဆတ်ထူးအောင်(တောင်ကလေး)နှင့် မိုက်တိုင်စန်(အလင်းရောင်)တို့ သရေပွဲဖြစ်သွားသည်။

လေးချီအထူးပွဲများတွင် နေမင်း(ရက္ခဗျာလ)နှင့် ဝင်းခန့်ကျော် (မျိုးဇာနည်)တို့သာ သရေပွဲဖြစ်ခဲ့ပြီး ပူတူတူလေး(တောင်ကလေး)က ထူးစံ(ရက္ခဗျာလ)၊ စိုးဒေဝါ(အမရပူရ)က ငမန်းပေါက်(မြန်မာ့သွေးသစ်)ကို၊ စနေထွန်း(မြန်မာ့သွေးသစ်)က ဖွဲမာန်(အမရပူရ)ကိုအလဲထိုးအနိုင်ယူခဲ့ကြကာ စိုးလင်းဦး (မျိုးဇာနည်)နှင့် ဇော်ဟိတ်(ရက္ခဗျာလ)တို့ပွဲတွင် ဇော်ဟိတ်က ထိုးအိပ်၊ ကန်အိပ်လုပ်နေသဖြင့် ဒိုင်ပွဲရပ်၍ စိုးလင်းဦးအား အနိုင်ပေးခဲ့သည်။ ။

(မြန်မာ့အလင်း)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော 'အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်-၅' လက်ဝှေ့စိန်ခေါ်ပွဲကြီးကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ဤသို့တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

တနင်္သာရီတိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ဖွင့်လှစ်ပေး

မြိတ် စက်တင်ဘာ ၁၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ စက်တင်ဘာ ၁၁ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် အမှာစကား ပြောကြားသည်။

ဂုဏ်ပြုဖျော်ဖြေ

ဆက်လက်ပြီး အနုပညာရှင်များက တနင်္သာရီတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းကို အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကာ ပြိုင်ပွဲအစီအစဉ်များ စတင်ယှဉ်ပြိုင်ကြသည်။ (၀၄၃)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပီတ်သတင်း

ဂျပန်ရှိ နန်တေး မီးတောင်လှုပ်ရှားနေ ဒေသခံများအား သတိပေးချက်ထုတ်ပြန်

တိုကျို စက်တင်ဘာ ၁၄

ဂျပန်နိုင်ငံ တိုချီဂီစီရင်စုရှိ နန်တေးမီးတောင်သည် စက်တင်ဘာ ၁၄ရက်က လှုပ်ရှားလာကြောင်း ဂျပန်လေ့ျင်သုတေသနအရာရှိများက ပြောကြားသည်။

သတိပေး

နန်တေးမီးတောင်(အောက်ပုံ)မှ ပြာမှုန်နှင့် မီးခိုးများထွက်လျက်ရှိကြောင်း၊ အနီးဝန်းကျင်ရှိဒေသခံပြည်သူများအား သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။ နန်တေးမီးတောင်ဝန်းကျင်၌ ကမ္ဘာလှည့်ခရီးသွားများ လှည့်လည် လေ့လာနေတတ်ကြသည်ဖြစ်ရာ သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။

နန်တေးမီးတောင်သည် ဂျပန်နိုင်ငံရှိ မီးတောင်ရှင်များအနက် ၁၀၉ လုံးမြောက် မီးတောင်ဖြစ်သည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသ၌ ငလျင်လှုပ်

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသတွင် စက်တင်ဘာ၁၄ရက် ဒေသစံတော်ချိန် နံနက် ၈နာရီ ၇မိနစ်က အင်အားရစ်ချ်တာစကေး ၆ဒသမ၂ ရှိသော ငလျင်လှုပ်သွားခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ပျက်စီးဆုံးရှုံးမှုမရှိ

အဆိုပါငလျင်ကြောင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အမေရိကန် မီချီဂန်၌ မိုးသည်းထန်ပြီးရေလွှမ်း

မီချီဂန် စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံ မီချီဂန်အရပ်တွင် စက်တင်ဘာ ၁၄ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း(အပေါ်ပုံ) အမေရိကန်အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရေလွှမ်း

ရေလွှမ်းမှု ဆိုးရွားစွာဖြစ်ပွားသောနေရာများမှာ ကာလာမာဇူးတောင်ပိုင်းဒေသများဖြစ်ပြီး လမ်းများရေလွှမ်းမှုကြောင့် ယာဉ်သွားလာမှု အခက်အခဲနှင့် ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် (၃)

ကျော်ရဲမင်း

ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေရဲ့ ဒေသတွေမှာ လေဘေးကယ်ဆယ်စောင့်ရှောက်ရေးနဲ့ ပြန်လည်ထူထောင်တည်ဆောက်ရေး ဆောင်ရွက်မှုသတင်းတွေကို နေ့စဉ်တွေ့မြင် ကြားသိနေရတော့ ကျွန်တော် အသိတစ်ခု တိုးလာခဲ့ပါတယ်။ အဲဒါကတော့ နာဂစ်ကျရောက်ပြီးနောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ မြင်ကွင်းတွေဟာ အရင်ကထက်ပိုပြီး သက်ဝင်လှုပ်ရှားလာသလို ပြည်သူအားလုံးရဲ့ မေတ္တာ၊ စေတနာ၊ စည်းလုံးညီညွတ် ရိုင်းပင်းမှု အရင်းခံစိတ်ဓာတ်များဟာလည်း ပိုပြီး ပီပြင်ထင်ရှားလာခဲ့တယ်ဆိုတာပါပဲ။ **အရေးဆိုရင် သွေးက စကားပြောတယ်ဆိုတာ တကယ်မှန်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအားလုံးအနေနဲ့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ကို ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်း ထမ်းဆောင်ခဲ့ကြတဲ့ မှတ်တမ်းတွေက နာဂစ်မုန်တိုင်းရဲ့ ကြမ်းတမ်းရက်စက် ထိုးနှက်ချက်တွေကို ပြန်ပြီးချေဖျက် ဆေးကြောသန့်စင်ပေးနိုင်ခဲ့ပြီလို့ ဆိုချင်ပါတယ်။**

ဒါကိုပဲ အဆိုးထဲက အကောင်းလို့ မြင်မိပါတယ်။ **မုန်တိုင်းကြောင့် သေကျေပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့တာလည်း အမှန်ပါပဲ။ ဒါက အရှုံး၊ တစ်နည်းအားဖြင့် အဆိုးပဲဆိုပါတော့။ ဒါပေမယ့် အရှုံးထဲကအမြတ်၊ အဆိုးထဲကအကောင်းတွေလည်း ကျွန်တော်တို့ရလိုက်တယ်မဟုတ်လား။ ဒါကတော့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအနေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ စည်းလုံးညီညွတ်မှုပိုင်းဆိုင်ရာ၊ စွမ်းဆောင်မှုပိုင်းဆိုင်ရာမှာ ကောင်းကောင်းကြီး အစမ်းသပ်ခံနိုင်ခဲ့ပြီး အောင်မြင်မှု မှတ်ကျောက်တင်နိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။**

စိတ်ဓာတ်ပိုင်းဆိုင်ရာအရကြည့်ရင် ဒေသကြီးတစ်ခုလုံး ဒီလောက်အထိ ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့တာ၊ ဒီလောက်အထိ အိုးအိမ်စည်းစိမ် ပိုင်ဆိုင်မှုတွေ တစ်မုဟုတ်ချင်း တစ်စမကျန် ပျောက်ပျက်ဆုံးရှုံးသွားတာ ဘယ်လိုမှ မျှော်လင့်မထားဘဲ မိဘ၊ လင်သား၊ ဇနီး၊ သားသမီး၊ ဆွေမျိုးသင်္ဂဟတွေ ရုတ်တရက် ဆုံးရှုံးလက်လွတ်လိုက်ရတာမျိုးတွေ လက်တွေ့ကြုံရပြီဆိုရင် ကာယကံရှင်တွေအနေနဲ့ စိတ်ဓာတ်ရေးရာအရ ပြန်လည် ထူမတ်လာနိုင်ဖို့ တော်တော်လေး ခဲယဉ်းမှာပါပဲ။ ပင်လယ်ပိုင်းက ဆွေမျိုးတွေအတွက် ကျွန်တော်တို့လည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ ကိုယ်ချင်းစာ နားလည် ခံစားခဲ့ရပါတယ်။ သာမန်အားဖြင့် ဒီလိုအခြေအနေမျိုးကနေ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြန်ပြီး ထူမတ်လာနိုင်ဖို့ မလွယ်လှပေမယ့် အခုအချိန်မှာတော့ ကျွန်တော့် ဆွေမျိုးတွေအနေနဲ့ ဒီအတားအဆီးတွေကို အချိန်တိုအတွင်း အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီလို့ ယုံကြည်မိပါတယ်။

ဒါကလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော် သုံးဦးသုံးဖလှယ်သော အင်အားစုများရဲ့ အားတက်သရော ဝိုင်းဝန်းကူညီ ဖေးမမှုတွေကြောင့်လို့ ဆိုရမှာပါပဲ။ နိုင်ငံတော်ပိုင်းက အပြည့်အဝ တာဝန်ယူခဲ့တာ အားလုံးအသိပါ။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်တဲ့ ဝန်ကြီးများကိုယ်တိုင် လေဘေးဒဏ်ပြင်းထန်စွာခံစားရတဲ့ မြို့နယ်တွေကို ချက်ချင်းဝင်ရောက်ပြီး အစစထောင့်စေ့အောင် စီမံခန့်ခွဲဆောင်ရွက်ပေးခဲ့တဲ့ကျေးဇူး၊ အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေအတွက် ငွေအား၊ ပစ္စည်းအား၊ လူအား လိုလေသေးမရှိ စိုက်ထုတ်ကျခံ ထောက်ပံ့ပေးခဲ့တဲ့ ကျေးဇူးတွေကြောင့်လည်း အများကြီးပါမှာပါ။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲနဲ့ ဒုတိယအကြီးအကဲတို့ ကိုယ်တိုင် လေဘေးသင့်ဒေသတွေအရောက်သွားပြီး လေဘေးသင့် ပြည်သူတွေကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးရင်း အတွေ့အကြုံ ရင့်ကျက်ပြည့်ဝသူများပီပီ လိုအပ်ချက်ဟူသမျှ မြူမျှမကျန်ရလေအောင် အကွက်စေ့စေ့ စနစ်တကျ လမ်းညွှန်သုံးသပ် ကြပ်မတ်ပေးခဲ့တာတွေကြောင့် လုပ်ငန်းများ ထိရောက်အောင်မြင်မှုရသလို ပြည်သူတွေမှာလည်း စိတ်ဓာတ်ရေးရာအရ အားကိုးအားထားတစ်ခုကို မိမိရရ မှီတွယ်ဆုပ်ကိုင်အားပြုနိုင်ခဲ့တာ အမှန်ပါပဲ။

ရဟန်းရှင်လူပြည်သူအားလုံး၊ လုပ်ငန်းကုမ္ပဏီကြီးများအားလုံး၊ လူမှုရေးအသင်းအဖွဲ့အားလုံးနဲ့ ဌာနဆိုင်ရာအားလုံးကလည်း လေဘေးသင့်ပြည်သူတွေအတွက် ထောက်ပံ့ကူညီလှူဒါန်းပံ့ပိုးမှုအပိုင်းမှာ မျှော်မှန်းထားတာထက် အများကြီးပိုပြီး တာဝန်ကျေခဲ့ကြပါတယ်။ တပ်မတော်အပိုင်းက ကြည့်ရင်လည်း တပ်မတော် (ကြည်း၊ ရေ၊ လေ)အားလုံးအနေနဲ့ ရှင်းလင်းရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး စသဖြင့် လုပ်ငန်းစဉ်အားလုံးမှာ လူ၊ ပစ္စည်း၊ မော်တော်ယာဉ်၊ စစ်သင်္ဘော၊ လေယာဉ်၊ ရဟတ်ယာဉ်ပေါင်းများစွာသုံးပြီး အပြည့်အဝကို ပံ့ပိုးထောက်ကူမှုပေးနိုင်ခဲ့ပါတယ်။ ဒီလို နိုင်ငံတော်အကြီးအကဲကစပြီး တာဝန်ရှိသူအဆင့်ဆင့်အပါအဝင် တစ်နိုင်ငံလုံးရဲ့ အဘက်ဘက်က ထိတွေ့အားပေးကူညီပံ့ပိုး ဆောင်ရွက်ပေးမှုတွေကြောင့် စေတနာ မေတ္တာ ရောင်ပြန်ဟပ်ပြီး လေဘေးသင့်ပြည်သူများရဲ့ စိတ်ဓာတ်အင်အားကို အမြန်ဆုံးပြန်ပြီး ထူမတ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လှည်းနေ လှေအောင်းမြင်းဇောင်းမကျန် ထက်သန်ကြီးမားလှတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာစိတ်တွေကို ခံယူပွားများပြီး လေဘေးသင့်ပြည်သူတွေရဲ့ ပြိုလဲနေတဲ့ စိတ်ဓာတ်တွေ ပြန်ပြီးမြင့်မားတက်ကြွ ရှင်သန်လာစေနိုင်ခဲ့တာဟာ သမိုင်းမှာ မော်ကွန်းတင်လောက်တဲ့ အောင်မြင်မှုမျိုးလို့ ဆိုနိုင်ပါတယ်။

စည်းလုံးညီညွတ်မှုပိုင်းဆိုင်ရာအမြင်နဲ့ကြည့်မယ်ဆိုရင်လည်း ဒီလောက်ကြီးမားပြင်းထန်လှတဲ့ သဘာဝဘေးဆိုးကြီးကို အချိန်လေးလခန့် ကာလအတွင်း အခုလို ပြန်ပြီးတည်ငြိမ်အောင်၊ ပုံမှန်နီးပါးဖြစ်အောင် ထိန်းနိုင်ခဲ့တာ၊ ဖြည့်ဆည်း ပံ့ပိုးတည်ဆောက်ပေးနိုင်ခဲ့တာမျိုးဟာ **တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ လက်တွဲ ပူးပေါင်းကြိုးပမ်းမှုမပါဘဲ ဘယ်လိုမှ အောင်မြင်လာနိုင်စရာ အကြောင်းမရှိဘူးဆိုတာ ထင်ရှားလှပါတယ်။ ကျွန်တော်တို့အားလုံးဟာ တကယ်အရေးကြီးတော့ တကယ်သွေးနီးခဲ့ကြသလို တကယ်လည်း စည်းလုံးခဲ့ကြတာပါ။ အရေးအကြောင်းပေါ်လာပြီဆိုမှ ကျွန်တော်တို့အားလုံးရဲ့ အသွေးထဲ အသားထဲမှာ ကိန်းဝပ်နေတဲ့ မိသားစုစိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာမျိုးက နိုးကြားလာတတ်တဲ့ သဘောရှိပါတယ်။ အခုလည်း လေဘေးသင့်ပြည်သူတွေအတွက် ငွေအား၊ ပစ္စည်းအား လှူဒါန်းမှုတွေမှာ တစ်နိုင်ငံလုံးက တိုင်းရင်းသားညီနောင်အားလုံးရဲ့ စေတနာမေတ္တာတွေ ပေါင်းစည်းမိခဲ့ကြသလို လူအား၊ လုပ်အားလှူပြီး Volunteer အဖြစ် တစ်ယောက် တစ်လက် တစ်အားနဲ့ နိုင်ရာဝန်ကို ပျော်ပျော်ကြီး ထမ်းခဲ့ကြရာမှာလည်း တိုင်းရင်းသားလူမျိုးစုံပါဝင်ပြီး ကိုယ့်သွေးသားရင်း၊ ညီနောင်ရင်းတွေရဲ့ ဒုက္ခကို မျှဝေထမ်းပိုးကူမ ဖြေရှင်းပေးခဲ့ကြပါတယ်။** တကယ့်ကို အားရစရာကြီးပါ။ ဒါကြောင့်အရှုံးကို တွန်းလှန်ချေဖျက်သန့်စင်ရင်း ကျွန်တော်တို့အားလုံးရဲ့စည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုစိတ်ဓာတ်နိုးကြားထက်သန် ပေါင်းစည်းလာစေတဲ့ အမြတ်အစွန်းကိုရလိုက်တယ်လို့ ဆိုရမှာပါပဲ။ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရနိုင်တဲ့ အကြီးမားဆုံးအမြတ်ပါ။

စွမ်းဆောင်မှုပိုင်းဆိုင်ရာအရ သုံးသပ်ရင်လည်း သန်းနဲ့ချီတဲ့ လေဘေးသင့် ပြည်သူတွေအတွက် စားရေး၊ ဝတ်ရေး၊ နေရေး၊ အသက်မွေးဝမ်းကျောင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသဖြင့် အင်မတန် ကြီးမားကျယ်ပြန့်လှတဲ့ လုပ်ငန်းပမာဏကြီးကို လေးလဆိုတဲ့အချိန်တိုအတွင်း ဒီအခြေ၊ ဒီအဆင့်ရောက်လာအောင် လုပ်ပေးနိုင်ခဲ့တယ်ဆိုတာ နည်းနည်းနောနော စွမ်းဆောင်အောင်မြင်မှုမျိုး မဟုတ်ပါဘူး။ အခုလို ကြီးမားပြင်းထန်တဲ့ သဘာဝဘေးမျိုး ကြုံရပြီဆိုရင် ကပ်ရောဂါအသွင်ဆောင်တဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာမျိုးတွေ၊ သောက်ရေနဲ့ စားနပ်ရိက္ခာပြတ်လပ်ပြီး အမြောက်အမြား သေဆုံးရတဲ့ အခြေအနေမျိုးတွေ၊ နေစရာ အမိုးအကာ မလုံလောက်လို့ ဒုက္ခရောက်နေကြရတဲ့ ဖြစ်စဉ်မျိုးတွေစတဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကပ်ပြီး ပါလာလေ့ရှိတတ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုနောက်ဆက်တွဲ ပြဿနာမျိုးတွေ လုံးဝကို မရှိခဲ့ပါဘူး။ ဒီတစ်ချက်နဲ့တင် ကျွန်တော်တို့အားလုံးရဲ့ စွမ်းဆောင် အောင်မြင်မှုကို အသိအမှတ်ပြုထိုက်နေပါပြီ။ ဒါကြောင့်လည်း WHO နဲ့ နိုင်ငံတကာက ကျွန်တော်တို့ရဲ့ သဘာဝဘေးအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး အပါအဝင် ကျန်းမာရေးကဏ္ဍ ပံ့ပိုးကူညီစွမ်းဆောင်မှုတွေကို တလေးတစား အသိအမှတ်ပြုခဲ့ကြတာပဲ ဖြစ်ပါတယ်။ အရှုံးထဲကရခဲ့တဲ့ အမြတ်တွေက တန်ဖိုးကြီးမားလှပါတယ်။

အခုအချိန်မှာတော့ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အဲဒီအပိုင်းနဲ့ ရေရှည်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်မှုအပိုင်းတွေကို ရေးချင်ပါတယ်။ ပြီးခဲ့တဲ့ ဆောင်းပါးအပိုင်း(၂)မှာ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်မှုအခြေအနေတွေကို ရေးခဲ့ပြီးဖြစ်တဲ့အတွက် ကျန်တည်ဆောက်ရေးအပိုင်းတွေကို အခုဆက်ပြီးရေးပါမယ်။ ""မူလ နေထိုင်လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်တိုးတက် ကောင်းမွန်စေရမည်""ဆိုတဲ့ ရည်မှန်းချက်အပေါ် ဘယ်လောက်အကောင်အထည်ဖော် အောင်မြင်နေပြီလဲဆိုတာကို ဖောက်သည်ချချင်ပါသေးတယ်။

ပင်လယ်ပိုင်းဒေသဟာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အလွန်လွယ်ကူတဲ့ သဘာဝဘေးဆုလာဘ်ကြီးကို ရရှိထားပါတယ်။ လယ်စိုက်မလား၊ ငါးဖမ်းမလား၊ ဆားကွင်းလုပ်မလား၊ ရေငန်ပုစွန်မွေးမလား ဘာပဲလုပ်လုပ်လွယ်ကူ အဆင်ပြေပြီး စီးပွားဖြစ်ထွန်းတဲ့ ဒေသမျိုးပါ။ ဒါကြောင့် အချို့မြို့ကြီးတွေ ရွာကြီးတွေမှာ သူဌေးတွေ၊ လုပ်ငန်းရှင်တွေ၊ လယ်ပိုင်ရှင်တွေ၊ ဆန်စက်ပိုင်ရှင်တွေ စသဖြင့် ချမ်းသာသူတွေ အများကြီးပါ။ အတော်လေးကို စီးပွားရေးကောင်းကြပါတယ်။ သို့သော် အခြေခံကောင်းပြီး လိမ္မာတဲ့သူများ စီးပွားဖြစ်တာမှန်သော်လည်း တစ်နေ့ရှာ တစ်နေ့သုံးပြီး ရရစားစားဘဝနဲ့ ကျင်လည်နေရတဲ့ ကျွန်တော့်ဆွေမျိုးတွေလည်း အချို့အဝက် ရှိနေပါသေးတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့သလို ဖြစ်သလိုနေ၊ ဖြစ်သလိုစားဘဝမျိုးနဲ့ လူမှုစီးပွားအဆင့် မြင့်တက်မလာနိုင်သေးဘဲ ဒုံရင်းဒုံရင်းဘဝမှာ ပျော်ပိုက်နေသူတွေလည်း ကျန်နေပါသေးတယ်။ သူတို့တွေရဲ့ လူမှုစီးပွားဘဝကို ဝိုင်းဝန်းမြှင့်တင်ပေးကြရဦးမယ်လို့ ကျွန်တော် အမြဲတွေးမိတတ်ပါတယ်။

ဒါကြောင့်လည်း ပင်လယ်ပိုင်းက ရွာငယ်လေးတွေ၊ တဲငါတဲစုလေးတွေ၊ လယ်တဲစုလေးတွေက ဆွေမျိုးများကို ကျွန်တော်ရောက်လေတိုင်း စီးပွားရှာချင်အောင်၊ စုဆောင်းချင်အောင်၊ ကြီးပွားတိုးတက်ချင်အောင် အမျိုးမျိုးဆွဲဆောင်စည်းရုံးပြောဆိုခဲ့ပါတယ်။ သို့သော်လည်း တစ်သက်လုံးက အရိုးစွဲလာတဲ့ဓလေ့စရိုက်ဆိုတော့ ပြင်ဖို့ အခက်သားလား။ အခုတော့ ကျွန်တော့်ဆွေမျိုးတွေကို နိုင်ငံတော်နဲ့ စေတနာရှင်ပြည်သူအားလုံးက လူမှုစီးပွားဘဝ မြင့်မားအောင် ဝိုင်းဝန်းဖေးမ ပြုပြင်ပေးနေကြပါပြီ။ အဲဒီအတွက်လည်း အထူးပဲ ဝမ်းသာအားရ ဖြစ်မိပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံတော်က လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး ဆောင်ရွက်ပေးရာမှာ ပင်လယ်ကမ်းခြေနဲ့ဆက်စပ်နေတဲ့အပိုင်း၊ အဲဒီအပိုင်းနဲ့ ဆက်စပ်နေတဲ့ကုန်းတွင်းကျတဲ့အပိုင်း၊ အဲဒီနောက်ကမှ နောက်တန်းကျတဲ့အပိုင်းဆိုပြီး အပိုင်းသုံးပိုင်းခွဲဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ ပင်လယ်ကမ်းခြေနဲ့ ဆက်စပ်နေတဲ့အပိုင်းကတော့ အဓိကဦးစားပေးအပိုင်းဖြစ်ပါလိမ့်မယ်။ မည်သို့ပင်ဖြစ်စေ ဒေသတစ်ခုချင်းရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ စားဝတ်နေရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ပေးရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း စနစ်တကျ စီမံဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ သာမန် အစားထိုးတည်ဆောက်မှုမျိုးမဟုတ်ဘဲ မူလအခြေအနေထက် သာလွန် တိုးတက်မြင့်မားအောင် တည်ဆောက်ရေးနဲ့ အဆင့်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်ပေးနေတာမျိုးပါ။ တကယ် အားရစရာကောင်းပါတယ်။

မုန်တိုင်းပြီးခါစ ကယ်ဆယ်ရေးစခန်းအဆင့်တွေတုန်းက မိုးကာတဲလေးတွေ၊ Shelter Box လေးတွေ အစီအရီနဲ့ မြင်တွေ့နေရတော့ သူတို့တွေ ပုံမှန်အဆင့်ပြန်ရောက်ဖို့ အတော်ရှန်းကန်ရဦးမှာပါလားလို့ တွေးမိပါသေးတယ်။ သူတို့တွေအတွက် နိုင်ငံတော်က မိုးကာတဲ ၈၃၄၁တဲ၊ Shelter Box ၁၆၈၉၊ မိုးကာစ ၇၀၈၂၊ ပလတ်စတစ်လိပ်၃၉၅၉နဲ့ သွပ်ချပ်ရေ ၁ဒသမ၃၂သိန်း ဖြန့်ဝေပေးနိုင်ခဲ့တာကြောင့် မုန်တိုင်းပြီးလို့ မကြာမီမှာပဲ ယာယီအမိုးအကာအောက်မှာဖြစ်ဖြစ်၊ ကယ်တင်ပစ္စည်းနဲ့ ဒေသထွက်ပစ္စည်းတွေ ပေါင်းစပ်ပြီး ဆောက်ထားတဲ့ နေအိမ်တွေမှာဖြစ်ဖြစ် ပြန်လည်နေထိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ ပြန်ပြီးလုပ်နိုင်လာကြတာ တွေ့ရတော့ ဝမ်းသာမိပြန်ပါတယ်။ အခုတော့ နိုင်ငံတော်က အခိုင်အမာနေအိမ်တွေပါ ဆောက်လုပ်ပေးနေပါပြီ။

မြို့နဲ့ ကျေးရွာများ ပြန်လည်တည်ဆောက်ပေးရာမှာ ပိုပြီး စနစ်ကျအောင်၊ ပိုပြီးခေတ်မီအောင်၊ ပိုပြီးခိုင်ခံ့အောင် ဆောင်ရွက်ပေးနေပါတယ်။ စုပေါင်းရုံးတွေ၊ စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေနဲ့ အခြားအစိုးရအဆောက်အအုံတွေ တည်ဆောက်ရာမှာ အောက်ခြေမြင့်မြင့်မားမားနဲ့ ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် လုပ်နေပါတယ်။ အိုးအိမ်မဲ့မိသားစုတွေအတွက် (၁၆×၂၀)ပေ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ/ထရံကာ အခိုင်အမာလူနေအိမ်တွေကို စနစ်တကျတည်ဆောက်ပြီး ပြန်လည်နေရာချထားပေးလျက်ရှိပါတယ်။ သွပ်မိုးဖွေးဖွေးနဲ့ ပုံစံတူသပ်သပ်ရပ်ရပ် ပျဉ်ထောင်အိမ်ကလေးတွေကို အစီအရီ တွေ့မြင်လိုက်ရတော့ ကျွန်တော့်ဆွေမျိုးတွေအတွက် အထူးပဲဝမ်းသာမိပါတယ်။

တစ်ချိန်တုန်းက ပင်လယ်ပိုင်းတံငါရွာကလေးတွေမှာ ဓနိမိုး၊ ထရံကာ၊ မြေစိုက်အိမ်ကလေးတွေ၊ တစ်ဖက်ယပ် တံငါတဲလေးတွေက များပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီတံငါတဲလေးတွေမှာ ကျွန်တော့်ဆွေမျိုး ရေလုပ်သားမိသားစုတွေနဲ့ အတူနေအတူစားရင်း ပျော်ခဲ့ဖူးတာပေါ့။ ပင်ကိုစရိုက်သဘာဝအရ ပျော်ဖို့ကောင်းတာမှန်ပေမယ့် မိုးတွေလေတွေကြမ်းပြီလားဆိုရင် ဘယ်လိုမှ အိပ်မပျော်နိုင်တော့ပါဘူး။ အဲဒီလို ခနော်နီခနော်နဲ့ အလေ့ကျပုံစံအမျိုးမျိုး တည်ရှိနေကြတဲ့မြင်ကွင်းကို အခုလိုသပ်သပ်ရပ်ရပ် စီစီရီရီ စနစ်တကျဖြစ်အောင် ပြောင်းလဲပစ်လိုက်နိုင်တာဟာ ဒေသကြီးတစ်ခုလုံးရဲ့ လူမှုစီးပွားဘဝတိုးတက်ပြောင်းလဲဖို့ ပထမဆုံးခြေလှမ်းကို စလိုက်နိုင်တာပဲဖြစ်ပါတယ်။

ပြင်စလူ၊ ကဒုံကနီ၊ ကြိမ်ချောင်းကြီး၊ သိပ္ပံကုန်းကြီး၊ စက်ဆန်း၊ ကျုံဒါး၊ ဇင်ရွှံ၊ တိုးရွာ စသဖြင့် ကျွန်တော်ခြေရာချင်းထပ်ခဲ့တဲ့ နေရာတွေမှာ အိုးသစ်အိမ်သစ်တွေ အစီအရီနဲ့ တကယ့်ကိုပြောင်းလဲခဲ့ပါပြီ။ အခုအချိန် ကျွန်တော်ရောက်သွားရင် မှတ်မိပါဦးမလားတောင် မပြောတတ်တော့ပါဘူး။ နိုင်ငံတော်အနေနဲ့ လေဘေးသင့်ဒေသတွေမှာ လူနေအိမ် အလုံးပေါင်း ၈၉၂၃လုံး ဆောက်လုပ်ပေးလျက်ရှိရာမှာ ယခုအချိန်အထိ ၇၂၇၀အတွက် အလှူရှင်ရရှိပြီးဖြစ်တယ်လို့သိရပါတယ်။ ကျန်တဲ့လူနေအိမ် ၂၂၃၆လုံးအတွက် အလှူရှင်များလည်း ပေါ်လာကြဦးမှာပါ။ လောလောဆယ် အိမ်ပေါင်း ၂၃၈၁လုံး ဆောက်လုပ်ပြီးစီးလို့ မိသားစုတွေနေထိုင်နေကြပါပြီ။ သာမန်အားဖြင့် နေအိမ်တစ်လုံးရဲ့တန်ဖိုးကို ကျပ်ခြောက်သိန်းသတ်မှတ်ထားပေမယ့် တကယ့်လက်တွေ့မှာ အဲဒီထက်ပိုမှာပါ။ အိမ်မဆောက်မီ မြေညှိပေးရတဲ့ တန်ဖိုးကိုက နည်းမှာမဟုတ်သလို သယ်ယူပို့ဆောင်စရိတ်တွေလည်း ရှိသေးတယ်မဟုတ်လား။ ဒါတွေအတွက် လုပ်ငန်းရှင်များ အပိုင်းကရော၊ နိုင်ငံတော်အပိုင်းကပါ စိုက်ထုတ်ကျခံပေးကြရမှာပါပဲ။ ဘာပဲပြောပြော လူတွေအတွက် အားထုတ်ရမှုအကြီးမားဆုံးဖြစ်တဲ့ နေရေးကိစ္စတော့ ပြေလည်ခဲ့ပါပြီ။ နိုင်ငံတော်အနေနဲ့ အလှူရှင် ရဟန်းရှင်လူပြည်သူများ၊ ဆောက်လုပ်ရေးကုမ္ပဏီကြီးများကို ကျေးဇူးတင်ရမှာပါ။

ကျန်းမာရေးအပိုင်းမှာလည်း ဖျာပုံပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)အဆင့်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာဆေးရုံတွေကို ခုတင်(၁၀၀)အဆင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မုန်တိုင်းကြောင့် သေကျေပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့တာလည်း အမှန်ပါပဲ။ ဒါက အရှုံး၊ တစ်နည်းအားဖြင့် အဆိုးပဲဆိုပါတော့။ ဒါပေမယ့် အရှုံးထဲက အမြတ်၊ အဆိုးထဲကအကောင်းတွေလည်း ကျွန်တော်တို့ရလိုက်တယ် မဟုတ်လား။ ဒါကတော့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအနေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ စည်းလုံးညီညွတ်မှုပိုင်းဆိုင်ရာ၊ စွမ်းဆောင်မှုပိုင်းဆိုင်ရာမှာ ကောင်းကောင်းကြီး အစမ်းသပ်ခံနိုင်ခဲ့ပြီး အောင်မြင်မှု မှတ်ကျောက်တင်နိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။

15-9 (10).pmd 1 9/16/2008, 2:41 AM

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

တိုးမြှင့် ဆောက်လုပ်ပေးဖို့ရှိပါတယ်။ ကျေးလက်ဆေးပေးခန်းတွေကိုလည်း ဒေသတစ်ခုနဲ့တစ်ခု ဆက်စပ်မိအောင် တိုးချဲ့ ဖြန့်ကြက်ဖွင့်လှစ်ပေးသွားမယ်လို့သိရပါတယ်။ ဖျာပုံခရိုင် ခုတင်(၂၀၀)ဆံ့ဆေးရုံဆိုရင် နေပြည်တော်မှာရှိတဲ့ ဆေးရုံပုံစံအတိုင်း Plinth Level မြှင့်ပြီး Operation Theatre အနည်းဆုံး ခြောက်ခုပါဝင်တဲ့ တစ်ထပ်အဆောက်အအုံတွေအဖြစ် ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ပညာရေးနှင့်ပတ်သက်ပြီးတော့လည်း ပျက်စီးခဲ့တဲ့ အခြေခံပညာ ကျောင်းတွေကို လုပ်ငန်းကုမ္ပဏီကြီးတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြုပြင် ဆောက်လုပ်ပေးလျက်ရှိပါတယ်။ ပြုပြင်တည်ဆောက်ရုံသာမက ကျောင်းသုံး ပရိဘောဂများပါ ပါဝင်အောင် ဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပျက်စီးသွားတဲ့ ကျေးရွာများနေရာမှာ ရွာသစ်များ ပြန်လည် ထူထောင်မှု အခြေအနေအရ မူလတန်းကနေ အလယ်တန်း၊ အလယ်တန်းကနေ အထက်တန်း စသည်ဖြင့် အဆင့်တိုးမြှင့်ပေးမှုတွေအပြင် ယခင်က ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်ထားတဲ့ တွဲဖက်ကျောင်းလေးတွေ အားလုံးကို နိုင်ငံတော်က တာဝန်ယူတဲ့ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းတွေအဖြစ် တိုးမြှင့် သတ်မှတ်ဖွင့်လှစ်ပေးနိုင်ခဲ့လို့ ယခု ကိုယ့်အားကိုယ်ကိုး တွဲဖက်ကျောင်းဆိုတာ ပင်လယ်ပိုင်းဒေသမှာ လုံးဝမရှိတော့ပါဘူး။ ဒါဟာ သိသာထင်ရှားတဲ့ တိုးတက်အောင်မြင်မှုတစ်ခုလို့ ဆိုရမှာပါပဲ။

တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့လိုအပ်တဲ့ သွပ်အမိုးပြားတွေကို အခွန်ကင်းလွတ်ခွင့် ခြောက်လပေးပြီး ပြည်ပမှ တင်သွင်းခွင့်ပြုပြီး လေဘေးသင့်ပြည်သူများအတွက် အမြတ်များများမယူဘဲ ရောင်းချပေးဖို့အထိ နိုင်ငံတော်က စီစဉ်ပေးခဲ့ပါတယ်။ သစ်လိုအပ်ချက်အတွက်လည်း ဌာနပိုင် သစ်စက်များနဲ့ သစ်အခြေခံပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်း ထုတ်လုပ်ပြီး သစ်မာ/အခြားသား ခွဲသားတွေ၊ သစ်မာ/အခြားသား သစ်လုံးတွေ တန်ပေါင်း သောင်းဂဏန်း၊ သိန်းဂဏန်းအထိ လေဘေးသင့်ဒေသတွေအတွက် ပေးပို့နိုင်ခဲ့ပါတယ်။ ဒီလိုတည်ဆောက်ရေးသုံး အဓိကလိုအပ်ချက်တွေကို နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့တဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ဒီလောက်အထိ မြန်မြန်ဆန်ဆန် ပြီးမြောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်ကြားမိသလောက် စက်ဆန်းမြို့ကို မြို့ကွက်ရိုက်ပြီး အသစ်ပြန်လည် တည်ဆောက်မှာဖြစ်ပါတယ်။ အလားတူ လပွတ္တာမြို့ကို ရွှေ့ပြောင်းတည်ဆောက်မှာဖြစ်ပြီး ကျောင်း၊ ရုံး၊ ဆေးရုံအားလုံးကို မြို့သစ်မှာ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ မိဘမဲ့ကလေးများအတွက် သင်တန်းကျောင်းတစ်ကျောင်းကိုပါ အဲဒီမြို့သစ်ရဲ့ အထက်တန်းကျောင်း အနီးမှာ တည်ဆောက်ပေးသွားမယ်လို့ သိရပါတယ်။ မူလနေရာမှာပဲ နေလိုသူတွေအတွက် သူတို့ဆန္ဒအတိုင်း ဆက်လက်နေထိုင်ခွင့်ပြုမှာဖြစ်သလို နိုင်ငံတော်က ပံ့ပိုးနေရာချ တည်ဆောက်ပေးရမယ့်သူတွေနဲ့ ဆန္ဒအလျောက် ကိုယ်ပိုင်စရိတ်နဲ့ ပြောင်းရွှေ့လာလိုသူတွေကိုလည်း နေရာများ သီးခြားသတ်မှတ်ချထားပေးသွားမယ်လို့ ကြားမိပါတယ်။ အလားတူ ပြင်စလူဆိုရင်လည်း နေရာဟောင်းမှာပဲ မြို့သစ်တည်ရတဲ့ အနေအထားလို့ ကျွန်တော်မြင်မိပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၈စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ထက် ၅စင်တီမီတာ (သုံးလက်မခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

တိုက်ခတ်ခဲ့သော ဒိုလီမုန်တိုင်း၊ ကာရစ်ဘီယံဒေသ၌ တိုက်ခတ်ခဲ့သော ဂူစတပ်မုန်တိုင်းနှင့် မကြာမီက အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ တိုက်ခတ်ခဲ့သော အိုက်မုန်တိုင်းများသည် အားပြင်းဟာရီကိန်းမုန်တိုင်းများပင်ဖြစ်သည်။

ဟာရီကိန်းမုန်တိုင်း ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို လေ့လာကြည့်လျှင် ပူနွေးသော သမုဒ္ဒရာရေမျက်နှာပေါ်၌ မိုးကြိုးလျှပ်စီးများ စုပြုံစီးမျောလာပြီး အားကောင်းလာရာမှ စတင်ဖြစ်ပေါ်သည်။ ထိုသို့ဖြစ်ပေါ်သောမုန်တိုင်းကို အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း၌ ဟာရီကိန်းမုန်တိုင်းဟု ခေါ်ဆိုသည်။ သို့သော် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်းဟု ခေါ်ပြီး ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ဆိုင်ကလုန်းမုန်တိုင်းဟု ခေါ်ဆိုကြသည်။

လေဖိအားနည်းရပ်ဝန်း

စိုစွတ်သောသမုဒ္ဒရာမျက်နှာပြင်တွင် မုန်တိုင်းငယ်များပေါင်းစုမိရာမှ လေထုမှာ အလွန်ပူနွေးလာပြီး အထက်သို့ စတင်မြင့်တက်လာသည်။ ထိုသို့ လေထုမြင့်တက်သဖြင့် သမုဒ္ဒရာမျက်နှာပြင်တွင် လေဖိအားနည်းရပ်ဝန်းကို ဖြစ်ပေါ်စေသည်။

မုန်တိုင်းအတွင်း ကုန်သည်လေများ တိုက်ခတ်ပြီး လေပွေအဖြစ်သို့ရောက်ရှိကာ မုန်တိုင်းကို စတင် လည်ပတ်စေသည်။ မြင့်တက်လာသောလေပူများသည် သမုဒ္ဒရာမျက်နှာပြင်အထက်၌ရှိသော လေဖိအားနည်းရပ်ဝန်းမှ ထွက်သွားစေသည်။

မြန်ဆန်

တစ်ဖန် ယင်းလေဖိအားနည်းရပ်ဝန်းသို့မြင့်တက်လာသော လေများ အလျင်အမြန် ဖြည့်ဆည်းဝင်ရောက်လာသည်။ ယင်းမှပူနွေးသော လေပူများကို သမုဒ္ဒရာအတွင်းသို့ ဆွဲချလာသည်။ ထိုအချိန်တွင် မုန်တိုင်းမှာ စတင်ရွေ့လျားသည်။ လေဖိအားနည်းရပ်ဝန်းဗဟိုအတွင်း လေများပိုမိုစုပ်ယူမှုများလာပြီး မုန်တိုင်းစတင်ရွေ့လျားတိုက်ခတ်မှုမှာလည်း မြန်ဆန်လာသည်။

ထိုသို့ မုန်တိုင်း စတင်ရွေ့လျားပြီး နာရီအတန်ကြာလာခြင်း သို့မဟုတ် ရက်နှင့်ချီ၍ ကြာလာခြင်းကြောင့် ဟာရီကိန်းမုန်တိုင်းအဖြစ်သို့ လုံးဝရောက်ရှိသွားသည်။ ဟာရီကိန်းမုန်တိုင်းများသည် လေများဖြင့် မုန်တိုင်းမျက်စိကို ပြုလုပ်လေ့ရှိပြီး လေဖိအားနည်းရပ်ဝန်းကို အားပြင်းသည့်လေများနှင့် ပြင်းထန်သော မိုးကြိုးမုန်တိုင်းများက ဝိုင်းရံထားသည်။ ယင်းဟာရီကိန်းမုန်တိုင်း၏အချင်းဝက်မီတာ ကြီးမားလျှင် ကြီးမားသလောက် ပျက်စီးမှုမှာလည်း များပြားနိုင်သည်။

တိုက်ခတ်နိုင်

ဟာရီကိန်းမုန်တိုင်းမျက်စိ အချင်းဝက်မှာ ၁၂မီတာမှ ၁၂၅မီတာအထိ ရှိနိုင်သည်။

ထိုသို့ ပင်လယ်သမုဒ္ဒရာ၌ ဖြစ်ပေါ်ခဲ့သော ဟာရီကိန်းမုန်တိုင်းသည် ကမ်းခြေများနှင့် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာပြီး အဆောက်အအုံများ၊ သစ်ပင်များနှင့် နေအိမ်များကို မွှေနှောက်ဖျက်ဆီးသည်။

ဟာရီကိန်းမုန်တိုင်းကို အမျိုးအစား ငါးမျိုး ခွဲခြားထားကြောင်း သိရသည်။ အမျိုးအစား(၁)ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ၇၄မိုင်မှ ၉၅မိုင်အထိ တိုက်ခတ်သည်။ သာမန်ရေကြီးမှုသာဖြစ်ပေါ်ပြီး ပျက်စီးမှုနည်းသည်။ အမျိုးအစား(၂)ဟာရီကိန်းမုန်တိုင်းမှာ တစ်နာရီလျှင် ၉၆မိုင်မှ မိုင် ၁၁၀အထိ တိုက်ခတ်သည်။ ယင်းမုန်တိုင်းအမျိုးအစားမှာ နေအိမ်အမိုးများ ပြုတ်ကျသည့်အပြင် သစ်ပင်များ၊ ဓာတ်တိုင်များလည်း ပြိုလဲကျနိုင်သည်။

ဟာရီကိန်းမုန်တိုင်း အမျိုးအစား(၃)မှာ တစ်နာရီလျှင် မိုင် ၁၁၁မိုင်မှ မိုင် ၁၃၀အထိ တိုက်ခတ်သည်။ ယင်းမုန်တိုင်းကြောင့် နေအိမ်များ ပြိုကျပျက်စီးသည့်အပြင် ရေကြီးမှုဖြစ်နိုင်သည်။ ဟာရီကိန်းမုန်တိုင်းအမျိုးအစား(၄)မှာ တစ်နာရီလျှင် ၁၃၁မိုင်မှ ၁၅၄မိုင်အထိ တိုက်ခတ်သည်။ ယင်းမုန်တိုင်းကြောင့် နေအိမ်နှင့် အခြားအခိုင်အမာ အဆောက်အအုံများ ပျက်စီးနိုင်သည်။ ဟာရီကိန်းမုန်တိုင်း အမျိုးအစား(၅)မှာ တစ်နာရီလျှင် မိုင် ၁၅၅မိုင် အထက်တိုက်ခတ်သော မုန်တိုင်းများဖြစ်သည်။ အလွန်ပြင်းထန်သော မုန်တိုင်းကြီး ဖြစ်၍ ကြီးမားသည့်အဆောက်အအုံများ ပြိုကျပျက်စီးနိုင်သည်။ ကုန်းတွင်းအထိ ရေကြီးမှုဖြစ်ပေါ်နိုင်သည်။

အဆိုးရွားဆုံး

ဟာရီကိန်းမုန်တိုင်းကြီးများ ဖြတ်သန်းတိုက်ခတ်ရာ လမ်းကြောင်းတစ်လျှောက်တွင် ပင်လယ်ပိုင်း၌ လှေ၊ သင်္ဘောများ နစ်မြုပ်နိုင်သကဲ့သို့ ကုန်းတွင်းပိုင်း ဝင်ရောက်ချိန် နေအိမ်နှင့် အဆောက်အအုံများ ပျက်စီးတတ်ပါကြောင်း အဆိုးရွားဆုံး သဘာဝ ဘေးအန္တရာယ်များအနက်မှ ဟာရီကိန်းမုန်တိုင်းအကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရာအဖြစ် ကိုးကားရေးသား တင်ပြရပါသည်။ **(ကိုးကား- အင်တာနက်)**

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၂/၂၀၀၈) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

တင်ပြလျှောက်ထား

အစည်းအဝေးတွင် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင်ကျင်းပခဲ့သော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၈) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူကြပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က (၁/၂၀၀၈)အစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ထို့နောက် ၂၀၀၈ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကျင်းပခဲ့သော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ အထူးအစည်းအဝေး မှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အထူးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ဆွေးနွေးဆုံးဖြတ်

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့၏ (၂/၂၀၀၈)အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေး ဆုံးဖြတ်ကြပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ စုဒ္ဒသမအကြိမ် သာသနတက္ကသီလ ဘွဲ့နှင်းသဘင်အခမ်းအနား၌ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များစာရင်းကို တင်ပြဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များက အထွေထွေဆွေးနွေးကြပြီး သဘာပတိ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဓေတိက နိဂုံးချုပ်ဩဝါဒမြွက်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

B.E နှင့် ဗိသုကာဘွဲ့ရကျောင်းသားများ၏ ၂၀၀၈ ခုနှစ် ပညာထူးချွန်သားသမီးများအား ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း B.E နှင့် ဗိသုကာဘွဲ့ ရရှိခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအား ၂၀၀၈ခုနှစ် ပညာရည် ထူးချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲကို ယနေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင်ကျောင်းသားဟောင်း ဦးကိုကြီးက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးနှင့် ရိုးရိုးအောင် ၁၁ဦး စုစုပေါင်း ထူးချွန်သားသမီး ၅၇ဦးတို့အား ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ (ဓါတ်ပုံ)

ကျေးဇူးတင်စကား

ဆက်လက်၍ ဆုရရှိသူများကိုယ်စား ဆုရ မောင်ထက်ကိုက လည်းကောင်း၊ ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား ဒေါ်လှလှသွယ်နှင့် ဒေါ်မြမြဝင်းတို့က လည်းကောင်း ကျေးဇူးတင်စကားပြောကြားကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရပ်ကွက်အတွင်း ဝက်အော်သံဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၉)လမ်း အပိုင်း(၃) (တောင်ဘက်)ရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားရာ အနံ့ဆိုးများနှင့် ဝက်အော်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ပြီး ကျန်းမာရေးထိခိုက်နေရပါ၍ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ငမိုးရိပ်သား**

လိုင်စင်ရ အသားဆိုင်များ လုပ်ရပ်ကြောင့် ဝယ်ယူစားသုံးသူများ နစ်နာနေ

စာတည်းခင်ဗျား-

ဖျာပုံမြို့မဈေးကြီးတွင် ရောင်းချနေသော လိုင်စင်ရ ဝက်သား၊ ဆိတ်သား၊ အမဲသားများသည် ရေများအဆမတန်ထိုးခြင်း၊ ရေခဲရိုက်ထားခြင်း၊ သတ်မှတ်ဈေးနှုန်းထက် ပိုရောင်းချခြင်း၊ အလေးချိန်မပြည့်ခြင်းတို့ကြောင့် ဝယ်ယူစားသုံးသူများ နစ်နာနေကြပါသည်။

သို့ဖြစ်ပါ၍ သတ်မှတ်ဈေးနှုန်းနှင့်အညီ စနစ်တကျရောင်းချစေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ဝန်ထမ်းတစ်ဦး**

အပင်နှင့်ဓာတ်ကြိုးထိစပ်နေ၍ လျှပ်စစ်အန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား-

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ ညောင်ပင်တောင်ရပ်ကွက် ပုဂ္ဂလိကဘဏ်ရှေ့ မိန်းလမ်းဘေးတွင် ဆီးပင်နှင့် အခြားအပင်များသည် လျှပ်စစ်ဓာတ်ကြိုးနှင့်ထိစပ်နေ၍ မိုးတွင်းအခါတွင် လျှပ်စစ်အန္တရာယ်စိုးရိမ်ရပါသည်။ ၎င်းပြင် အပင်အနီးအနား လမ်းနယ်နိမိတ် လမ်းတံတားပေါ်တွင်လည်း မြို့အင်္ဂါရပ်နှင့်မညီ ကျူးကျော်တဲများ အခိုင်အမာဆောက်လုပ် နေထိုင်လျက်ရှိရာ လူသွားလမ်း ပိတ်ဆို့မှုဖြစ်ကာ မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူ**

စမ်းချောင်းလမ်း၌ ကျန်းမာရေးအတွက် ရှင်းလင်းပေးပါ

စာတည်းရှင့်-

စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် စမ်းချောင်းလမ်း တိုက်တစ်တိုက်၏ အပေါ်ဆုံးထပ် လူနေတိုက်ခန်းအတွင်း၌ ငရုတ်သီးမှုန့်နှင့် မဆလာမှုန့်များ ထုပ်ပိုးခြင်း လုပ်ငန်းများကို အကြီးအကျယ် လုပ်ကိုင်လျက်ရှိပါသည်။ ကျွန်မတို့မှာ နေ့စဉ်နှင့်အမျှ ငရုတ်သီးမှုန့်၊ မဆလာမှုန့်အနံ့များကို ရှူရှိုက်နေရပါသဖြင့် အသက်ရှူမဝ၍ ကျန်းမာရေး ထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အသက်ရှူမဝသူ

စည်းကမ်းမဲ့ အညစ်အကြေးစွန့်နေ

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ ဈေးကြီးအရှေ့ဘက်လမ်းမပေါ်တွင် ရောင်းချနေသော ဈေးသည်များသည် နေ့စဉ်နှင့်အမျှ ဘူတာခုံးကျော်တံတားမြောက်ဘက် လမ်းကြားထဲတွင် စည်းကမ်းမဲ့စွာ အညစ်အကြေး စွန့်နေကြပါသည်။ အနီးဝန်းကျင်ရှိ လူနေအိမ်၊ ဆိုင်ခန်းများမှ နေ့စဉ်လမ်းကြားသန့်ရှင်းရေး၊ မြောင်းသန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းများ အမြဲလုပ်ဆောင်ရသည့်အပြင် ကျန်းမာရေးပါ ထိခိုက်နေပါသဖြင့် အဆိုပါ ပုံကျဈေးသည်များအား လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်နေသူ

အနံ့ဆိုးနှင့် အညစ်အကြေးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ် လူနေရပ်ကွက်ရှိ အိမ်တစ်အိမ်သည် လိုင်စင်မရှိဘဲ နွားသတ်လုပ်ငန်းကို လုပ်ကိုင်နေပါသည်။ ညပိုင်းသတ်မည့်နွားများ ရပ်ကွက်အတွင်းသို့ ဆွဲလာရာတွင် နွားများကြိုးလွတ်ထွက်၍ ရပ်ကွက်နေပြည်သူများ အထိတ်တလန့်ဖြစ်နေရခြင်း၊ အနံ့ဆိုးနှင့်အညစ်အကြေးများကြောင့် ကျန်းမာရေးထိခိုက်နေရပါ၍ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မဟာအောင်မြေသား

နေ့ ညမရွေး မုန့်ဖုတ်နေလို့

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် လှည်းတန်း၃ရပ်ကွက် ပုလဲဂေဟာလမ်းသွယ်မှ အိမ်တစ်အိမ်သည် မုန့်မျိုးစုံဖုတ်ရာတွင် နေ့ညအချိန်အခါမရွေး ပြုလုပ်လျက်ရှိပါသည်။ ထို့အပြင် လောင်စာများကိုလည်း အုန်းမှုတ်ခွက်ခွံများ အသုံးပြုနေပါသောကြောင့် မုန့်အညှော်နံ့၊ လောင်စာအညှော်နံ့များနှင့် မီးခိုးများကြောင့် ကျန်းမာရေး ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

ဒဂုံတောင် ၁၀၇လမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းမကြီး ၁၀၇လမ်းအပိုင်းတွင် အနေးယာဉ်များနှင့် မော်တော်ယာဉ်များ မောင်း၍ မရနိုင်လောက်အောင် လွန်စွာပျက်စီးနေသည်မှာ သုံးနှစ်ခန့် ရှိနေပါပြီ။ ခရီးသည်များအတွက် နေ့စဉ် အန္တရာယ်ရှိနေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

၁၀၇ ရပ်ကွက်သား

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အသင်းခေါင်းဆောင်တယ်ရီ၏ အနီကတ်ပြစ်ဒဏ် ချယ်လ်ဆီးအသင်း အယူခံဝင်ဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၁၄

မန်စီးတီးနှင့်ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်တွင် ချယ်လ်ဆီးမှ ဂျွန်တယ်ရီအထုတ်ခံခဲ့ရသော အနီကတ်ပြစ်ဒဏ်နှင့်ပတ်သက်၍ ချယ်လ်ဆီးအသင်းအနေဖြင့် အယူခံဝင်ဖွယ်ရှိကြောင်း နည်းပြစကိုလာရီက ထုတ်ဖော်ပြောကြားခဲ့သည်။



အသင်းခေါင်းဆောင်တယ်ရီသည် ချယ်လ်ဆီးအသင်းဘက်သို့ ထိုးဖောက် ဂိုးသွင်းရန်ကြိုးစားသော မန်စီးတီးတိုက်စစ်မှူးဂျိုအား လဲကျစေခဲ့သောကြောင့် ၁၃မိနစ်တွင် အနီကတ်ပြကာ အထုတ်ခံခဲ့ရသည်။ သို့သော်လည်း ထိုပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြောကြား

စကိုလာရီက ယင်းဖြစ်ရပ်ကို ၄င်းအနေဖြင့် တိတိကျကျ မမြင်တွေ့ခဲ့မိကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း တယ်ရီအား မည်သည့်အရေးယူမှုမျှ မပြုလုပ်သေးမီ ၄င်းအနေဖြင့် အယူခံဝင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(အင်တာနက်)

အဲဗာတန်က စတုတ်ကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရ

လန်ဒန် စက်တင်ဘာ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၄) လက်ကျန်ပွဲအဖြစ် စတုတ်နှင့် အဲဗာတန်အသင်းတို့ စက်တင်ဘာ၁၄ရက်က ယှဉ်ပြိုင်ကစားရာ အဲဗာတန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ခြေရည်တူကစားနိုင်

၅း၃း၂အခင်းအကျင်းဖြင့် အဲဗာတန်ကို အိမ်ကွင်း ဘရင်တန်နီးရား၌ ရင်ဆိုင်ကစားခဲ့သော တန်းတက် စတုတ်တို့က ယာကူဘူနှင့် ဖလာမီနီတို့ ဦးဆောင်သော အဲဗာတန်ကို ခြေရည်တူကစားနိုင်ခဲ့သည်။

အဲဗာတန်တို့က ဂိုးရရှိရေး ဖိကစားခဲ့ရာ ၄၁ မိနစ်၌ တင်ကာပေး ပေးလိုက်သည့် ဘောလုံးကို စတုတ်ဂိုးဧရိယာအတွင်းမှ ယာကူဘူက ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ထို့အပြင် ဒုတိယဂိုးကို ၅၁မိနစ်၌ အဲဗာတန်တိုက်စစ်မှူး အနီချီဘီက အာတီတာ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

သို့သော် စတုတ်တို့က ချေပဂိုးရရှိရေး ကစားအားတင်ခဲ့ရာ ၅၄မိနစ်၌ စတုတ်ကွင်းလယ်ကစားသမား အိုလိုဖန်ဂျာနာက အဲဗာတန် ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အနီးကပ်သွင်းယူခဲ့ခြင်းဖြစ်သည်။ အဲဗာတန်အတွက် တတိယမြောက်ဂိုးကို ၇၇မိနစ်၌ အာတီတာ ကန်တင်ပေးလိုက်သည့် ဘောလုံးကို တင်ကာပေးက အနီးကပ်ခေါင်းတိုက် သွင်းလိုက်သဖြင့် အဲဗာတန်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိ

စတုတ်အတွက် ချေပဂိုးကို ၅၄မိနစ်၌ အဲဗာတန် နောက်တန်းလူ ဂျာဂီကာက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အဲဗာတန်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စတုတ်နှင့် အဲဗာတန်တို့ပွဲတွင် စတုတ်မှ အိုလိုဖန်ဂျာနာ ဤသို့ ဂိုးသွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဟန်ဆင်ရှေ့ဆုံးမှ ဦးဆောင်နေ

ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ ဟန်ဆင်က ၆၇ချက် ရိုက်ကာ ရှေ့ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ပြောကြား

ဟန်ဆင်သည် ပထမခုနှစ်ကျင်းတွင် ဘာဒီများ ရရှိခဲ့ပြီး ပြိုင်ဘက်များထက် လေးချက်လျှော့ရိုက်နိုင်ခဲ့သည်။ မိမိအနေဖြင့် ယခုထက်ကောင်းသော ရိုက်ချက်များဖြင့် ဆက်လက်ဦးဆောင်သွားနိုင်ရန် ကြိုးစားသွားမည်ဟု ပြောကြားခဲ့သည်။

ဆွီဒင်ဂေါက်သီးသမား ကာလ်ဆင်က ပထမအဆင့်၌ ၆၉ချက်ရိုက်နိုင်ခဲ့ပြီး ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲ၌ ၇၃ချက် ရိုက်နိုင်ခဲ့သည်။ ကာလ်ဆင်မှာ ရိုက်ဒါဖလားရယူရန် ရေပန်းစားနေသူဖြစ်သည်။ **(အင်တာနက်)**

စီးရီးအေပွဲစဉ်(၂)ရလဒ်

(၁၄-၉-၂၀၀၈)

ဘိုလော့ဂ်နာ	၀ - ၁	အတ္တလန္တာ	နာပိုလီ	၂ - ၁	ဖီအိုရင်တီးနား
ဂျီနိုအာ	၂ - ၀	အေစီမီလန်	ရက်ဂျီးနား	၁ - ၁	တိုရီနို
လာဇီယို	၂ - ၀	ဆမ်ဒိုးရီးယား	ဆီနာ	၂ - ၀	ကာဂလီရာရီ
လက်စီ	၂ - ၀	ချီယေးဗို			

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ပရီမီယာလိဂ် ပွဲစဉ်(၄)အပြီး နည်းပြတို့၏ ဖွင့်ဟစကား

လန်ဒန် စက်တင်ဘာ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့ ဘောလုံးပွဲအချို့ကို စက်တင်ဘာ ၁၃ရက်က ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ အဲဒီဘောလုံးပွဲစဉ်တွေမှာ အနိုင်၊ အရှုံး ကြုံတွေ့ခဲ့ကြရတဲ့ အသင်းနည်းပြအချို့က အခုလို ဖွင့်ဟပြောကြားခဲ့ကြပါတယ်-

မန်ယူနည်းပြ ဖာဂူဆန်

ပရီမီယာလိဂ်ပွဲစဉ်(၄)အဖြစ် အန်ဖီးလ်ကွင်းမှာ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ရတဲ့ ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူအသင်းနည်းပြဖာဂူဆန်က ''ဒီပွဲမှာ ပထမပိုင်းအစအချိန်လောက်ပဲ ကျွန်တော့်လူတွေ ကောင်းကောင်းကစားနိုင်ခဲ့တယ်။ ကျွန်တော်ကြိုတင် မှန်းဆထားတဲ့အတိုင်း လီဗာပူးတို့က အကွက်စေ့စေ့ကစားနိုင်ခဲ့တာမို့ ကျွန်တော့်တိုက်စစ်မှူးတွေ ဂိုးသွင်းဖို့အခွင့်အရေး များများစားစားမရခဲ့ပါဘူး။

ဒီနေ့ပွဲမှာ ပထမဆုံးပါဝင်ကစားတဲ့ ဘာဘာတော့ဗ်လည်း ဖိအားတွေရှိနေခဲ့ပါတယ်။ ပရိသတ်တွေက မန်ယူတိုက်စစ်ကို အများကြီးမျှော်လင့်နေခဲ့ကြတာမို့ သူတို့တွေ ဂိုးရလိုမှုဇောနဲ့ အခွင့်အရေးအချို့ ဆုံးရှုံးခဲ့ရတယ်။ ဒါပေမယ့် ဒီနေ့ကစားခဲ့တဲ့ မန်ယူရဲ့ခြေစွမ်းက အားရစရာမရှိပါဘူး။ အဓိကအနေနဲ့ တိုက်စစ်အပိုင်းမှာ ပြန်ပြင်ဆင်ရဦးမှာပါ။ လီဗာပူးကစားသမားတွေရဲ့ ဒီနေ့ကစားပုံ သိပ်ကောင်းပါတယ်'' လို့ ပြောကြားသွားပါတယ်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်

အိမ်ကွင်းအန်ဖီးလ်၌ မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားပြီး အဖိုးတန်သုံးမှတ် အပြည့်ရယူနိုင်ခဲ့သော လီဗာပူးနည်းပြဘင်နီတက်ဇ်က ''မန်ယူကိုအနိုင်ယူနိုင်ခဲ့တာမို့ လီဗာပူး ပရိသတ်တွေ ကျေနပ်နိုင်မှာပါ။ ဒီပွဲ နိုင်လိုက်တာဟာ ကစားသမားတွေ စိတ်ဓာတ်အင်အား တိုးမြှင့်စေခဲ့ပါပြီ။ မန်ယူဟာချန်ပီယံဖြစ်တာမို့ ဒီပွဲမှာ ကျွန်တော့်လူတွေ ခြေကုန်ထုတ်ခဲ့ရတယ်။ ဒါ့အပြင် မန်ယူကိုအနိုင်ယူဖို့ အတော်လေး ကြိုးစားခဲ့ကြရတယ်။ အမှန်အတိုင်း ဝန်ခံရရင် သူတို့အမှားကြောင့် ကျွန်တော့်လူတွေ အခွင့်အရေးကောင်း ရရှိခဲ့တာပါပဲ။ မန်ယူကို အဖွင့်ဂိုးပေးလိုက်ရပြီးတဲ့နောက်ပိုင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားခဲ့တာမို့ထိုက်တန်တဲ့နိုင်ပွဲလို့ ဆိုချင်ပါတယ်''လို့ ပြောကြားသွားခဲ့ပါတယ်။ **(လီဗာပူးနဲ့မန်ယူတို့ပွဲမှာ အကောင်းဆုံး ဘောလုံးသမားဆုကို မန်ယူတိုက်စစ်မှူး တီဗက်ဇ်က ရရှိသွားခဲ့ပါတယ်။)**

ချယ်လ်ဆီးနည်းပြ စကိုလာရီ

မန်စီးတီးကွင်း၌ ချယ်လ်ဆီးတို့က သုံးဂိုး-တစ်ဂိုးဖြင့် မန်စီးတီးကို အနိုင်ရရှိခဲ့သည့် ပွဲနှင့်ပတ်သက်ပြီး ချယ်လ်ဆီးနည်းပြစကိုလာရီက ''ဒီပွဲမှာ ခြေစွမ်းပြနိုင်ခဲ့တဲ့ ကျွန်တော့်ကစားသမားတွေကို ချီးကျူးရမှာပါ။ သူတို့တွေပွဲချိန် နောက်ဆုံးမိနစ်အထိ အနိုင်ရလိုစိတ်နဲ့ ကစားသွားတာမို့ ကျွန်တော်ကျေနပ်ပါတယ်။ တကယ်တော့ ကျွန်တော့်လူတွေ ဂိုးသွင်းဖို့အခွင့်အရေးခြောက်ကြိမ်လောက်ရခဲ့ပေမယ့် အဲဒီရတဲ့ အခွင့်အရေးကို အပြည့်အဝအသုံးမချနိုင်ခဲ့ဘူး၊ ဒီလိုအပ်ချက်တွေတော့ ကျွန်တော်ပြင်ဆင်ပေးရဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ပွဲတွေမှာ ဂိုးများများသွင်းနိုင်ဖို့ လိုအပ်လို့ပါပဲ။ ပရီမီယာလိဂ်ပွဲတွေမှာ ဂိုးသွင်းယူနိုင်ဖို့ အခွင့်အရေးရတိုင်း ဂိုးရအောင်သွင်းဖို့ အရေးကြီးပါတယ်'' လို့ ပြောကြားသွားပါတယ်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

ဘလက်ဘန်းအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သော အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးက ''အဝေးကွင်းမှာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့တဲ့ ပွဲတစ်ပွဲပါပဲ။ ကျွန်တော့် ကစားသမားတွေ ကြိုးစားအားထုတ်မှုက ကျေနပ်စရာပါ။ ကျွန်တော့်တိုက်စစ်မှူးတွေလည်း ရသမျှ အခွင့်အရေးကို ဂိုးရအောင်သွင်းယူနိုင်ခဲ့ကြတယ်။ ကျွန်တော်တို့ အခုအချိန်ကစပြီး ထိပ်ဆုံးမှာ ရပ်တည်နေနိုင်ဖို့ ကြိုးစားသွားမယ်။ အာဆင်နယ်ကစားသမားတွေရဲ့ခြေစွမ်းက ထိပ်ဆုံးမှာရပ်တည်နိုင်တဲ့ ခြေစွမ်းမျိုးဆိုတာ ဒီပွဲရလဒ်က ပြလိုက်ပါပြီ''လို့ ပြောကြားခဲ့ပါတယ်။

ဘလက်ဘန်းနည်းပြ ပေါလ်အင့်



အာဆင်နယ်အသင်းကို အိမ်ကွင်းမှာ လေးဂိုးပြတ်နဲ့ရှုံးခဲ့ရတဲ့ ဘလက်ဘန်းနည်းပြပေါလ်အင့်က ''ဒီပွဲရလဒ်က စိတ်ပျက်စရာပါပဲ။ ဒီလောက်အထိ ဂိုးပြတ်သွားလိမ့်မယ်လို့ မထင်ထားခဲ့ဘူး။ အာဆင်နယ်အသင်းကစားသွားတာကောင်းလို့ အနိုင်ရသွားတာ လက်ခံရမှာပါ။ ဒါပေမယ့် ဘလက်ဘန်းအသင်းအနေနဲ့ ပြုပြင်မှုတွေ အများကြီးလုပ်ရဦးမယ်ဆိုတာ သဘောပေါက်ခဲ့ပါတယ်။ ဒီရလဒ်ကတော့ မဖြစ်သင့်တဲ့ ရလဒ်ပါပဲ'' လို့ ပြောကြားသွားခဲ့ပါတယ်။

မန်စီးတီးနည်းပြ မာ့ခ်ဟုချ်

အိမ်ကွင်း၌ ချယ်လ်ဆီးကို သုံးဂိုးပြတ်ရှုံးခဲ့သော မန်စီးတီးနည်းပြ မာ့ခ်ဟုချ်က ''ချယ်လ်ဆီးတို့ ကစားပုံ သိပ်ကောင်းတော့ ကျွန်တော့်လူတွေ ကစားရခက်ခဲပါတယ်။ သူတို့က ပထမပိုင်းပွဲချိန်တွေမှာ ဂိုးတွေရအောင်သွင်းယူပြီးနောက်ပိုင်း တည်တည်ငြိမ်ငြိမ်နဲ့ ကစားသွားခဲ့တာမို့ သူတို့အမှားကိုစောင့်ပြီး ချေပဂိုးသွင်းဖို့လည်း အခွင့်အရေးမရခဲ့ပါဘူး။ ရော်ဘင်ဟိုအနေနဲ့ ဒီပွဲမှာ ကစားသွားတာကောင်းပါတယ်။ ပေးရတဲ့ ငွေကြေးနဲ့ ထိုက်တန်တဲ့ ကစားသမားကောင်းတစ်ဦးပါပဲ။ ဒါပေမယ့် တစ်သင်းလုံးခြေစွမ်း ထက်မြက်ဖို့အတွက် အများကြီးကြိုးစားရဦးမှာပါ။ ဒီပွဲမှာ အခုလောက်အထိ ဂိုးမပြတ်သင့်ဘူး ဆိုတာကိုတော့ လက်ခံပါတယ်။ ကျွန်တော့်အသင်းမှာ အားနည်းချက်တွေရှိနေပါတယ်''လို့ ပြောကြားသွားပါတယ်။

(ကိုးကား-အင်တာနက်)

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ — ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

မန်ယူအား အနိုင်ရရှိသောပွဲစဉ် ယုံကြည်မှုဖြစ်စေကြောင်း ကာရေဂါ ပြောကြား

လန်ဒန် စက်တင်ဘာ ၁၄

မန်ယူအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် လီဗာပူးအသင်းခေါင်းဆောင်အဖြစ် အစားထိုး ပါဝင်ကစားသူ ကာရေဂါက ယခုပွဲစဉ် အနိုင်ရရှိမှုသည် ယခုရာသီတွင် ၄င်းတို့အား ပရီမီယာလိဂ် သရဖူရရှိရေး စိန်ခေါ်မှုအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်ချီတက်နိုင်

မိမိတို့အနေဖြင့် ဥရောပတွင် အကောင်းဆုံးသောအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ယင်းပွဲစဉ်က မိမိတို့အား ယုံကြည်မှုများပေးစွမ်းခဲ့ပြီး မိမိတို့အနေဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုများ ပြည့်ဝလာကြောင်း၊ ထို့အပြင် မိမိတို့အသင်းသည် ပရီမီယာလိဂ်ရှိ မည်သည့်အသင်းကိုမဆို အနိုင်ယူနိုင်သည်ဟု ယုံကြည်လာခဲ့ကြောင်း၊ မိမိတို့သည် ယခုပရီမီယာလိဂ်၏ ကျန်သောရာသီကို ညီညီညာညာဖြင့် ဆက်လက်ချီတက်နိုင်ပြီဖြစ်ကြောင်း၊ ယခင်ကမိမိတို့ ခြေစွမ်းမပြနိုင်ခဲ့သည်ကို ယခုပွဲအားအတုယူကာ တွန်းအားပေးသင့်ကြောင်း၊ ယခုပွဲစဉ်တွင် မိမိတို့ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ကြောင်း ကာရေဂါက ဖွင့်ဟခဲ့သည်။

''မိမိအားလီဗာပူးနည်းပြအဖြစ် ခန့်အပ်ခံရသည့် ၂၀၀၄ ခုနှစ်ကတည်းက ယခုပွဲစဉ်သည် မိမိအနေဖြင့် မန်ယူအသင်းအပေါ် ပထမဦးဆုံးသော ပရီမီယာလိဂ်နိုင်ပွဲအဖြစ်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏ ကစားသမားများအား ယုံကြည်မှုရရှိစေသည့် ပွဲကြီးပွဲကောင်းတစ်ခုဖြစ်ကြောင်း'' လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ဖွင့်ဟသွားခဲ့သည်။

(အင်တာနက်)

KMD (မြေနီကုန်း)
Computer Centre
:: I-Office :: I-Office 2007 :: Introduction to Internet :: Email & Web Design :: Graphic Design :: AutoCAD 2007 :: Desktop Publishing :: Practical A+ :: Practical Network :: Basic Software Engineering :: Advanced Software Engineering :: LCCI Computerised Accounting

ဖခင်အမည်မှန်

ပြည်မြို့နယ် ဝက်ထီးကန်အထက၊ တက္ကသိုလ်ဝင်တန်း(E)မှ မခရေဖြူ၏ ဖခင်အမည်မှန်မှာ ဦးစိန်မြင့် ၇/ပမန(နိုင်) ၀၂၇၄၃၇ဖြစ်ပါကြောင်း။ **ဦးစိန်မြင့်။**

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အမှတ် ၂၂/၃၊ ပြည်တော်သာဝင်းနေ ဒေါ်ကြည်ကြည်ဝင်း ၁၀/မလမ(နိုင်)၀၆၇၈၄၆ ကိုင်ဆောင်သူက အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏တူဖြစ်သူ ကောင်ကောင်(ခ)မောင်တင်ထူးလွင် ၁၀/မလမ(နိုင်)၂၀၉၂၄၂ ကိုင်ဆောင်သူသည် ကျွန်မ၏ အုပ်ထိန်းမှုအောက်တွင်နေထိုင်ခဲ့ပြီး ကျွန်မ၏ဆိုဆုံးမမှုကို နာယူခြင်းမရှိဘဲ ကျွန်မအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုမူခြင်း၊ ယုံကြည်စွာ အပ်နှံထားသော ရင်းနှီးငွေများ အလွဲသုံးစားပြုခြင်း စသော လုပ်ရပ်များအတွက် သည်းမခံနိုင်သဖြင့် ၁၀-၉-၂၀၀၈ ရက်မှစ၍ ကောင်ကောင်(ခ)မောင်တင်ထူးလွင်အား ဆက်လက်အုပ်ထိန်းခြင်းမပြုတော့ဘဲ စွန့်လွှတ်လိုက်ပါကြောင်း။

နောက်နောင် ကောင်ကောင်(ခ)မောင်တင်ထူးလွင်အား ၎င်း၏လူမှုရေးကိစ္စ၊ ငွေရေးကြေးရေး ကိစ္စအဝဝ တို့နှင့်စပ်လျဉ်းပြီး ကျွန်မနှင့် လုံးဝမသက်ဆိုင် ပတ်သက်ခြင်းမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ) အုပ်ထိန်းသူ - ဒေါ်ကြည်ကြည်ဝင်း ၁၀/မလမ(နိုင်)၀၆၇၈၄၆ ၂၂/၃၊ ပြည်တော်သာဝင်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့။

INTERNATIONAL Fashion & Wedding Extravaganza
For more information www.starbizgroup.biz

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ကျွန်မ လွဲလွဲခိုင် ၁၂/မဘန(နိုင်) ၁၁၂၀၂၇၏ နိုင်ငံကူးလက်မှတ် အမှတ်-၇၁၈၂၈၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ **ဖုန်း-၆၂၁၀၀၄။**

ကြို့ပင်ကောက်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာပေဟောပြောပွဲကျင်းပ

ကြို့ပင်ကောက် စက်တင်ဘာ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် သာယာဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးဆောင်၍ စာပေဟောပြောပွဲကို စက်တင်ဘာ၁၂ရက် နံနက်က ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်ဝင်းကရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်တင်ဝင်းကစာဖတ်ပရိသတ် တိုးပွားရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ကြည့်ရှု

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက နံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြပွဲများကို ကြည့်ရှုလေ့လာကြသည်။

(မြို့နယ်ပြန်/ဆက်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့

သဘာဝတောတွေ ထိန်းသိမ်းစို့

နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ပြည်မြို့၌ သဲရေစစ်ကန်တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေအား စက်တင်ဘာ၆ရက်တွင် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ခန်းမ၌ အမှုဆောင်အရာရှိ ဦးသန်းဦးက နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့မရေစက်ရုံဝင်းအတွင်း လေးလက်မစက်ရေတွင်းတူးဖော်နေမှုနှင့် စက်ရုံအတွင်း ရေစက်မော်တာများ မောင်းနှင်နေမှုတို့ကိုလည်းကောင်း၊ ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တာဝန်ယူတူးဖော်ပြီးစီးခဲ့သော မကျီးပင်ကျေးရွာရှိ နှစ်လက်မစက်ရေတွင်းကိုလည်းကောင်း၊ ပေါင်းတည်မြို့ပေါ်သို့ ရေဖြန့်ဝေပေးသည့် မြေသားရေလှောင်ကန်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ၇ရက်တွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ တိုင်းနှင့် မြို့နယ်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သဲရေစစ်ကန်တည်ဆောက်နေသော လုပ်ငန်းခွင်ကိုလည်းကောင်း**(ဓါတ်ပုံ)**၊ မြစ်ရေပေးရေးစက်ရုံ အမှတ်(၂)ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ရုရှား၌ ဘိုရင်း-၇၃၇ ခရီးသည်တင်လေယာဉ်ပျက်ကျ နိုင်ငံခြားသား ၂၁ဦးအပါအဝင် ၈၈ဦး သေဆုံး

မော်စကို စက်တင်ဘာ ၁၄

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ စက်တင်ဘာ ၁၄ရက်က ဘိုရင်း-၇၃၇ ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ၈၈ဦးသေဆုံးခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ပျက်ကျ

အဆိုပါ လေယာဉ်သည် မော်စကိုမြို့မှ ဆိုက်ဘေးရီးယားဒေသရှိ ပီရမ်မြို့သို့ ခရီးသည် ၈၂ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးတို့ တင်ဆောင်ပျံသန်းလာသည့် လေယာဉ်ဖြစ်ပြီး ပျံသန်းနေစဉ် မီးလောင်မှုဖြစ်ပွားသဖြင့် မြေပြင်သို့ ဆင်းသက်ရန်ကြိုးစားစဉ် မီးလောင်ပေါက်ကွဲ ပျက်ကျခဲ့ခြင်းဖြစ်သည်။(ဓါတ်ပုံ)

ယင်းလေယာဉ်ပေါ်တွင် နိုင်ငံခြားသား ၂၁ဦးပါရှိပြီး ၎င်းတို့မှာ အဇာဘိုင်ဂျန်မှ ကိုးဦး၊ ယူကရိန်းငါးဦးနှင့်ပြင်သစ်၊ ဆွစ်ဇာလန်၊ လတ်ဗီးယား၊ အမေရိကန်၊ ဂျာမနီ၊တူရကီနှင့် အီတလီနိုင်ငံသား တစ်ဦးစီ လိုက်ပါလာကြသည်။ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

တရုတ် စီချွမ်ပြည်နယ်၌ ဘတ်စ်ကားတောင်ကြားအတွင်း ထိုးကျ၊ ၅၁ဦး သေဆုံး

ချန်ဒူ စက်တင်ဘာ ၁၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် စက်တင်ဘာ ၁၄ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး တောင်ကြားတစ်ခုအတွင်း ထိုးကျသွားခဲ့ရာ ၅၁ဦး သေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါ ခရီးသည်တင် ဘတ်စ်ကားသည် ဘာချောင်မြို့မှ နန်ဘိုမြို့သို့ မောင်းနှင်လာစဉ် နန်ကျင်းဒေသရှိ တောင်ကြားလမ်းအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တောင်ကြားအတွင်း ထိုးကျသွားခဲ့ခြင်းဖြစ်ပြီး ခရီးသည်အားလုံး သေဆုံးခဲ့ရခြင်းဖြစ်သည်။

အိုက်မုန်တိုင်းအားပျော့ အမေရိကန်အရှေ့မြောက်ပိုင်းသို့ ရွေ့လျား

ဝါရှင်တန် စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ စက်တင်ဘာ ၁၃ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သော အိုက်ဟာရီကိန်းမုန်တိုင်းသည် စက်တင်ဘာ ၁၄ရက်၌ အားပျော့သွားကာ အမေရိကန်အရှေ့မြောက်ပိုင်းဒေသသို့ တစ်နာရီ ၃၅ကီလိုမီတာနှုန်းဖြင့် ဦးတည်ရွေ့လျားသွားကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဌာနက သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ခရီးသွားစက်လှေနစ်မြုပ်

ပါရီ စက်တင်ဘာ ၁၄

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စက်တင်ဘာ ၁၄ရက်က ကမ္ဘာလှည့်ခရီးသွားများ စီးနင်း လိုက်ပါလာသော အပျော်စီး စက်လှေတစ်စင်း နစ်မြုပ်ခဲ့ကြောင်း ပါရီမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အပျော်စီးစက်လှေမှာ ပါရီမြို့လယ်ရှိ တံတားတစ်စင်းနှင့် တိုက်မိပြီးနစ်မြုပ်ခဲ့ရာ အရေးပေါ် ကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် သေဆုံးမှုမရှိသော်လည်း နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၃ရက်က ကမ္ဘာ့မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ အိုက်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားခြင်း၊ စပိန်နိုင်ငံ မက်ဒရစ်မြို့အနီးဝန်းကျင်၌ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

စက်တင်ဘာ ၁၄ရက်က မြန်မာနိုင်ငံ၏မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲမိုးရွာသွန်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒေသအလိုက် မိုးရွာသွန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

စက်တင်ဘာ ၁၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀	ဒသမ	၁၆	လက်မ
ရေးမြို့	၃	ဒသမ	၇၄	လက်မ
ဓမြို့	၃	ဒသမ	၃၉	လက်မ
ဘားအံ	၃	ဒသမ	၂၃	လက်မ
မကွေး	၃	ဒသမ	၁၉	လက်မ
သထုံ	၃	ဒသမ	၀၃	လက်မ
ထားဝယ်	၂	ဒသမ	၈၀	လက်မ
မင်းဘူး	၂	ဒသမ	၆၈	လက်မ

စက်တင်ဘာ ၁၅ရက် **(ယနေ့)**အတွက် ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကျန်ဒေသများ၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

စက်တင်ဘာ ၁၅ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

မုတ်သုံလေ

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်၍ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက်၁၂နာရီအတွင်း ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေသည်။

လှိုင်းအသင့်အတင့်

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်



မီးဘေးလုံခြုံရေး

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဩဂုတ် ၂၈ရက်က မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာတတ်မြောက်ရေးနေ့ စစ်တွေ၌ ကျင်းပ

စစ်တွေ စက်တင်ဘာ ၁၂

ရခိုင်ပြည်နယ်၏ ၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီက စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင် တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူးဦးဝင်းဆွေက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲ ဆုရသူများအား ဗိုလ်မှူးကြီးစိုးလွင်က ဆုများချီးမြှင့်ပေးကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ စက်တင်ဘာ ၇ရက်က ပြည်မြို့ ရေကြီးခြင်းမှကာကွယ်ရန် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကန့်လမ်းရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၏ စေတနာ(အခမဲ့)ဆေးကုခန်း ငွေပဒေသာပင် စိုက်ထူရန်အတွက် ဩဂုတ် ၃၀ရက်က ပေါင်းတည်မြို့ ဘုရားကြီးလမ်းနေ ဦးတိုက်စိန်-ဒေါ်လျှူရှုတင် မိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးကုခန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်အုန်းမြင့်၊ အတွင်းရေးမှူးဦးလှဖေနှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (ဝဖ၁)

ဗန်းမော်မြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်သူဂုဏ်ပြု

ဗန်းမော် စက်တင်ဘာ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက်၁၀နာရီက ဗန်းမော်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းရင်က ၂၀၀၇ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက်ရေဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်ပြီး ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသားများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့ မြို့တော်ခန်းမတွင် ခရိုင်အဆင့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၇က/၆၄၈၈Toyota Hilux S/W(4×4) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သာဟန် ၁၁/စတန(နိုင်) ၀၃၇၁၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ရန်ကုန်မြို့။

အမည်မှန်

ကျိုင်းတုံမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မောင်လီဂျူး၏ အမည်မှန်မှာ မောင်ဇာဗေနီယန် ၁၃/တလန(နိုင်) ၀၀၃၁၉၂ ဖြစ်ပါကြောင်း။**မောင်ဇာဗေနီယန်။**

အမည်ပြောင်း

အဖဦးတင်အောင်သန်း၏သား ထားဝယ်မြို့ အထက(၃) တက္ကသိုလ်ဝင်တန်း (D)မှ မောင်ကောင်းသူအား မောင်ကောင်းမြင့်မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမြင့်မြတ်ကျော်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၅-စီ၊ မြေကွက်အမှတ် II-၁၈ $A^{၅/၁}$၊ မြေကွက်တည်နေရာ အမှတ် ၂၄၀-အီး၊ ရွှေမန်းဆီစက်ဝင်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၁)ဦးတိုနီ(၂) ဒေါ်စန်းမြင့် (၃)ဒေါ်ခင်ခင်မြင့် (၄)မစိန်မြင့် အမည်ပေါက်ဂရန်ရှိ မြေပိုင် မြေအား အမည်ပေါက်များ ကိုယ်တိုင်မှအရောင်းအဝယ်စာချုပ်-၁၂၀/၁၉၉၁(လက်ခံအမှန်)၊ အမှားပြင်စာချုပ်-၁၀၆၀/ ၁၉၉၆ (လက်ခံအမှန်) တို့ကို တင်ပြ၍ စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်၊ မြေကွက်ခွဲစိတ်ရန်၊ ခြံကာရန်၊ မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်

၁။ ဦးဆိုင်မွန်ဘရောင်း ၁၂/ဗဟန(နိုင်)၀၈၂၀၂၅၏ ဇနီး ဒေါ်သူဇာဝင်း(ခ) မဒေါ်လီဖရန်စီနာ ၁၀/မလမ(နိုင်)၁၅၈၉၆၃သည် ၁၂-၃-၂၀၀၈ရက်တွင် ခင်ပွန်းမရှိခိုက် သမီးငယ်နှင့်အတူ လက်ဝတ်ပစ္စည်းများယူဆောင်ကာ ၄င်း၏ဆန္ဒအလျောက် နေအိမ်ကိုစွန့်ခွာသွားခဲ့ပါသည်။

၂။ ဦးဆိုင်မွန်ဘရောင်းအနေဖြင့် မိသားစုမပြိုကွဲရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ဒေါ်သူဇာဝင်းသည် ခင်ပွန်း၏ကိုယ်ကျင့်တရားနှင့် အလုပ်ထိခိုက်လောက်အောင် အထက်လူကြီးများအထိ အနှောင့်အယှက်ပြုသည့်အပြင် ခွင့်မလွှတ်နိုင်သည့် အကြောင်းများစွာကို အကြိမ်ကြိမ် ပြုလုပ်လာပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်ပယ်လိုက်ပြီဖြစ်ကြောင်းနှင့် (သမီးနှစ်ဦး၏ စားဝတ်နေရေးနှင့် ပညာရေးမှအပ)ဒေါ်သူဇာဝင်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆိုင်မွန်ဘရောင်း၏ညွှန်ကြားချက်အရ-

ဦးအောင်မြတ်ထွဋ် H.G.P.,LL.B.,D.A.,D.O.S.,B.D.S.
တရားရုံးချုပ်ရှေ့နေ (စဉ်-၄၃၇၆/၈၇)
ဒေါ်ဝန်နီလှိုင် LL.B.,D.M.L.,D.I.L.,B.D.S.
အထက်တန်းရှေ့နေ (စဉ်-၂၅၃၁၁/၀၆)
ရုံး-တိုက် ၉/၁၁၊ ပထမထပ်၊ အခန်း-၁၀၄(ဒီ)၊
၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။

တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး နယ်တရားမရုံးတော်၌
၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်-၇ နှင့်ဆက်သွယ်သည်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၆၄

မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅) ၄င်း၏မန်နေဂျာ	နှင့်	၁။ ဦးခင်စိုး ၂။ ဒေါ်ငွေငွေဝင်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

အမှတ်၁၅ သုခလမ်း မြေနီကုန်း(မြောက်)စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ၁။ ဦးခင်စိုး ၂။ ဒေါ်ငွေငွေဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၅ ရက် (၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ညီညီစိုး
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်-၁၂၈/၁၃၀၊ (၃)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အအုံ၏ အမှတ်-၁၂၈(၆)လွှာ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အုပ်ချုပ်မှုပိုင် အဆောက်အအုံခြမ်း)ကို အခန်းပိုင်ရှင် ဒေါ်နီနီအေး ၁၂/သဃက (နိုင်)၀၃၉၇၀၁၊ အမှတ်(၄၄) ၉၃လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့် နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမောင် ၁၂/မဂတ(နိုင်)၀၄၁၁၅၅က ၁၃-၃-၂၀၀၈ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ငွေအပြေပေးချေလျက် တရားဝင်ဝယ်ယူထားပြီးဖြစ်သော တိုက်ခန်းပိုင်ရှင်ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ မူလပိုင်ရှင် ကွယ်လွန်သူ ဒေါ်ဆူလီယာဘီဘီ၏သား ဦးမာမက် ၁၂/ပဇတ(နိုင်)၀၁၃၂၉၀ထံမှ ဦးစိုးကြီး ၁၂/ဒဂတ(နိုင်)၀၁၄၈၂၁က ဝယ်ယူခဲ့ပြီး ၄င်းဦးစိုးကြီးထံမှ ဒေါ်နီနီအေးက ဝယ်ယူခဲ့ရာ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သော အဆင့်ဆင့်ရောင်းဝယ်ခဲ့ကြသော ဆက်စပ်သောတိုက်ခန်း အရောင်းအဝယ်စာချုပ်မူရင်းများ၊ ကိုယ်စားလှယ်လွှဲစာမူရင်း၊ အခန်း၏ အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ဦးလှမောင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းအရောင်းအဝယ်စာချုပ်နှင့် တကွ အဆိုပါတိုက်ခန်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအုပ်ချုပ်မှုဌာနတွင် လူနေထိုင်ခွင့်နှင့်တကွ အမည်ပေါက်ဆောင်ရွက်မှုများကို တရားဝင်လျှောက်ထားဆောင်ရွက်တော့မည်ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ကြည် B.A, R.L	**ဒေါ်ငွေငွေဝင်း LL.B**
တရားရုံးချုပ်ရှေ့နေ(၁၇၄၇)	**အထက်တန်းရှေ့နေ (၂၂၀၉၈)**

အမှတ် ၉/၁၁၊ အခန်း ၂၀၂(စီ)၊
၃၆ လမ်းတိုက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၃၈၆၈၀၃။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဖြူးမြို့နယ် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ အမှတ်(၃)တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံမြေနေရာ၊ မြေကြီးကျောက်သားတူးဖော်ပြီးစီးမှု၊ ရေလျှံထိန်းဆည် EL-147m အထိ ကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ ပင်မတာမံ EL-151.5m အထိ

စာမျက်နှာ ၂ ကော်လံ ၂ ❐

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

Mandate အစစ်

* ၁၉၉၀ နှစ်နဲ့
၂၀၀၈ ဆိုသည်မှာ။
ဆယ့်ရှစ်နှစ် အတိတ်ဟောင်း
ကြာညောင်းခဲ့ပါ။
ဘယ်သင်းက လန်းဆတ်ကာ
ဘယ်ဟာက ဟောင်းမြွေသလဲ။
အဟောင်းကို ဖက်တွယ်ထားလျှင်
မှားလိမ့်မလွဲ။

* ၉၂ ဒသမ ၄၈ နဲ့
၃၈ ဒသမ ၁၃ ဟာ…။
ရာခိုင်နှုန်း ဘယ်သူများ
ခွဲခြားကြည့်ပါ။
လန်းဆတ်မှု တစ်ပန်းသာ
အရေအတွက်မှာ ပို၍များ။
အဲဒါဟာ ပြည်သူ့စိတ်
အဲဒါဟာ ပြည်သူ့အရိပ်
အဲဒါမှ Mandate အစစ်
ဆန်းစစ်ကြည့်ဗျား။ ။

နိုင်ဝင်း(နေပြည်တော်)

မြန်မာ့အလင်း
သုတသိပ္ပံ
မြင့်မောင်စိုး
ကိုးကားရေးသည်

ဟာရီကိန်းမုန်တိုင်းဆိုသည်မှာ····

လန်ဒန် စက်တင်ဘာ ၁၄

ဟာရီကိန်းမုန်တိုင်းသည် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ တိုက်ခတ်လေ့ရှိသော မုန်တိုင်းများအနက် အင်အားပြင်းထန်သဖြင့် ထိခိုက်ပျက်စီးမှုများသည့် မုန်တိုင်းအမျိုးအစားဖြစ်သည်။

မုန်တိုင်းရာသီ

ယခုနှစ်မုန်တိုင်းရာသီတွင် မြန်မာနိုင်ငံ၌ တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်း၊ မက္ကဆီကိုပင်လယ်ကွေ့၌ *စာမျက်နှာ ၁၁ ကော်လံ ၃* ●



ဝင်းထွန်း၏ လက်သီးမိုးက ကြယ်လင်းအောင်ကို အလဲထိုးမရ
ရန်ကြီးအောင်နှင့် ဈာန်ထူးတို့စတုတ္ထအကြိမ် တွေ့ဆုံပွဲကလည်း ထူးမခြားနားသရေကျ

ရိုးရာလက်ဝှေ့သတင်းမြင်ကွင်း - ဇင်လင်းထွန်း(ခနုဖြူ)
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၏ အဓိကကူညီပံ့ပိုးမှုဖြင့် H&S Group မှ ကိုစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်)တာဝန်ယူစီစဉ်သည့် **အသည်းကောင်းလို့ပွဲတောင်းသူများပွဲစဉ်-၅** ကို စက်တင်ဘာ ၁၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ ပွဲစဉ်ပေါင်း ၁၁ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အဓိကစိန်ခေါ်ပွဲကြီး နှစ်ပွဲဖြစ်သော ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ဈာန်ထူး (တောင်ကလေး)၊ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ သရေပွဲဖြစ်သွားကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)၏ ဒူးပျံ

ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)၏ ဒူးပျံဖြင့် ကြယ်လင်းအောင်(တောင်ကလေး) ရင်ဘတ်ကို ဤသို့ထိမိခဲ့သော်လည်း····။
(မြန်မာ့အလင်း)

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ
မြန်မာလူငယ်ဘောလုံးအသင်း အနိုင်ရဗိုလ်စွဲ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ၏ အသက် ၁၈ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းမှာ အမှတ်အများဆုံးရရှိပြီး ဗိုလ်စွဲခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် မြန်မာလူငယ်ဘောလုံးအသင်း။ (မြန်မာ့အလင်း)